ကြေးမုံ
The Mirror

၁၃၆၉ ခုနှစ်၊ တပို့တွဲလဆန်း ၁၂ ရက်၊ တနင်္လာနေ့၊ (18-2-2008) (၅၅၉၇)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နှစ်(၆၀)ပြည့် သံတမန်ဆက်သွယ်မှု အထိမ်းအမှတ် မြန်မာနှင့် ရုရှားနိုင်ငံ ခေါင်းဆောင်များ၊ အစိုးရအဖွဲ့အကြီးအကဲများနှင့် နိုင်ငံခြားရေးဝန်ကြီးများအကြား သဝဏ်လွှာများ အပြန်အလှန်ပေးပို့

နေပြည်တော် ဖေဖော်ဝါရီ ၁၈

၂၀၀၈ ခုနှစ် ဖေဖော်ဝါရီ ၁၈ ရက်တွင် ကျရောက်သော ပြည်ထောင်စု မြန်မာနိုင်ငံတော်နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံတို့၏ သံတမန်ဆက်သွယ်သည့် နှစ်(၆၀)ပြည့် အထိမ်းအမှတ် အခါသမယ၌ နှစ်နိုင်ငံ ခေါင်းဆောင်များ၊ အစိုးရအဖွဲ့အကြီးအကဲများနှင့် နိုင်ငံခြားရေးဝန်ကြီးများအကြား သဝဏ်လွှာများ အပြန်အလှန်ပေးပို့ခဲ့ကြသည်။

အဆိုပါ သဝဏ်လွှာများမှာ အောက်ပါအတိုင်းဖြစ်သည်–

ပြည်ထောင်စု မြန်မာနိုင်ငံတော်–နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတ မစ္စတာ ဗလာဒီမာပူတင်ထံသို့ ပေးပို့သည့် သဝဏ်လွှာ

ပြည်ထောင်စု မြန်မာနိုင်ငံတော်နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံတို့ သံတမန်အဆက်အသွယ်ထူထောင်သည့် နှစ်(၆၀)ပြည့်မြောက်သည့် မင်္ဂလာအပေါင်းနှင့်ပြည့်စုံသည့် ရက်မြတ်အခါသမယတွင် အဆွေတော်ထံသို့လည်းကောင်း၊ အဆွေတော်မှတစ်ဆင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ပြည်သူအပေါင်းထံသို့လည်းကောင်း လှိုက်လှဲစွာ နှုတ်ခွန်းဆက်သလျက် ဆုမွန်ကောင်းများ တောင်းလိုက်ပါသည်။

ပြည်ထောင်စု မြန်မာနိုင်ငံတော်နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံတို့သည် နှစ်နိုင်ငံ သံတမန်စတင် ဆက်သွယ်ခဲ့သည့် ၁၉၄၈ ခုနှစ်ကတည်းကစ၍ **စာမျက်နှာ ၃ ကော်လံ ၁ သို့ ✻**

ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတ မစ္စတာဗလာဒီမာပူတင်ထံမှ ပြည်ထောင်စု မြန်မာနိုင်ငံတော်–နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံသို့ ပေးပို့သည့်သဝဏ်လွှာ

ရုရှားဖက်ဒရေးရှင်းနိုင်ငံနှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်တို့အကြား သံတမန်အဆက်အသွယ်ထူထောင်သည့် နှစ်(၆၀)ပြည့် အထိမ်းအမှတ် အခါသမယတွင် ဂုဏ်ယူဝမ်းမြောက်စွာ နှုတ်ခွန်းဆက်သအပ်ပါသည်။

နှစ်နိုင်ငံအကြား သံတမန်အဆက်အသွယ် ထူထောင်ခဲ့သည့် ဆယ်စုနှစ်(၆)ခု ကာလအတွင်း မိမိတို့နှစ်နိုင်ငံ ဆက်ဆံရေးသည် စစ်မှန်သည့်ချစ်ကြည်ရင်းနှီးမှု၊ အပြန်အလှန်လေးစားမှုနှင့် ကဏ္ဍစုံပူးပေါင်းဆောင်ရွက်မှုတို့ဖြင့် တိုးတက်ကောင်းမွန်ခဲ့ပါသည်။ **စာမျက်နှာ ၃ ကော်လံ ၄ သို့ ❁**

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ရခိုင်ပြည်နယ် ဒေသဖွံ့ဖြိုးတိုးတက်မှု ကြည့်ရှုစစ်ဆေး

နေပြည်တော် ဖေဖော်ဝါရီ ၁၇

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ခင်ဇော်၊ အစိုးရအဖွဲ့–အဖွဲ့ဝင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ အစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ်နှင့် ဌာနဆိုင်ရာအကြီးအကဲများလိုက်ပါလျက် ဖေဖော်ဝါရီ ၁၆ ရက် နံနက်ရနာရီတွင် တပ်မတော်လေယာဉ်ဖြင့် နေပြည်တော်မှ ရခိုင်ပြည်နယ် စစ်တွေမြို့သို့ထွက်ခွာခဲ့ရာ နံနက် ၉ နာရီ ၁၅ မိနစ်တွင် စစ်တွေလေဆိပ်သို့ ရောက်ရှိသည်။

နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များအား ရခိုင်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မောင်ရှိန်၊ စစ်တွေတပ်နယ်မှ ဗိုလ်မှူးချုပ်သန်းထွန်းအောင်နှင့် တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများက စစ်တွေလေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

ရှင်းလင်းတင်ပြ

ထို့နောက် စစ်တွေလေဆိပ် စီမံကိန်းရှင်းလင်းဆောင်၌ ဝန်ကြီးချုပ်အား ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေက စစ်တွေလေဆိပ်ဆိုင်ရာ အချက်အလက်များ၊ လေဆိပ်အဆောက်အအုံ တိုးချဲ့တည်ဆောက်ပြီးစီးမှု၊ လေယာဉ်ပြေးလမ်း၊ လေယာဉ်ရပ်နားနေရာ တိုးချဲ့ပြုပြင်ဆောင်ရွက်မှု၊ လေယာဉ်ပြေးလမ်းတစ်ခုလုံးအား လေးလက်မထု ထပ်ပိုးလွှာတင်ခြင်း၊ ရေနုတ်မြောင်းများ တူးဖော်ခြင်းနှင့် လေယာဉ်ပြေးလမ်း လမ်းပခုံးများ ပြုပြင်မှု အခြေအနေများကို ပဏာမ ရှင်းလင်းတင်ပြသည်။

စာမျက်နှာ ၈ ကော်လံ ၁ သို့ ❑

နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် စစ်တွေလေဆိပ် လေယာဉ်ပြေးလမ်းကို ကြည့်ရှုစစ်ဆေးစဉ်။
(သတင်းစဉ်)

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ
The Mirror

၁၈–၂–၂၀၀၈
(တနင်္လာနေ့)

ဈေးကွက်ဝင်ပဲမျိုးစုံ တိုးချဲ့စိုက်ပျိုး အရည်အသွေးမြင့်ပဲများ တိုးမြှင့်တင်ပို့

မြန်မာနိုင်ငံသည် ရေမြေရာသီဥတုကောင်းမွန်သည့်အလျောက် စပါး၊ ဂျုံ၊ ပြောင်း စသည့်နှံစားသီးနှံများ၊ နှမ်း၊ မြေပဲ၊ နေကြာစသည့် ဆီထွက်သီးနှံများနှင့် ဝါ၊ ဂုန်လျှော်၊ ကြံစသည့် စက်မှုကုန်ကြမ်းသီးနှံများ၊ ပဲမျိုးစုံအပါအဝင် သီးနှံမျိုးစုံ ဧကသန်း ၃၀ ကျော် စိုက်ပျိုးလျက်ရှိသည်။

ပဲမျိုးစုံသည် ပရိုတိန်းအာဟာရဓာတ်ကြွယ်ဝသည့်အတွက် အခြေခံစားကုန်ဖြစ်သည့် ဂျုံ၊ ဆန်တို့နှင့်အတူ စားသုံးမှုနှင့် ဝယ်လိုအား တိုးတက်နေမည့် သီးနှံမျိုးဖြစ်သည်။ ပြည်တွင်း၊ ပြည်ပ ပဲဈေးကွက်တွင် ပဲဈေးကောင်းမွန်လာပြီး ကမ္ဘာ့ပဲဈေးကွက်၏ ပဲလိုအပ်ချက်မြင့်မားလာမှုကြောင့် ရန်ကုန်၊ ဧရာဝတီ၊ ပဲခူး၊ မန္တလေး၊ စစ်ကိုင်းနှင့် မကွေးတိုင်းတို့မှ တောင်သူများအနေဖြင့် ပဲမျိုးစုံ တိုးချဲ့စိုက်ပျိုး အထွက်တိုးရေး ကြိုးပမ်းနေကြသည်။

ကမ္ဘာ့ပဲဈေးကွက်တွင် ကနေဒါနိုင်ငံက ပဲအများဆုံးတင်ပို့နေပြီး တစ်နှစ်တန်ချိန် သုံးသန်းကျော်ရှိသည်။ မြန်မာနိုင်ငံက ဒုတိယအများဆုံး တင်ပို့နေသည်။ နှစ်စဉ် ပဲစိုက်ဧက ကိုးသန်းကျော်ရှိပြီး ပဲမျိုးစုံတန်ချိန် လေးသန်းကျော်ထွက်ရှိရာ ယမန်နှစ်က တန်ချိန် တစ်သန်းကျော် တင်ပို့နိုင်ခဲ့ကြောင်း သိရသည်။

မြန်မာ့ပဲများကို အိန္ဒိယ၊ ပါကစ္စတန်၊ ဘင်္ဂလားဒေ့ရှ်၊ တရုတ်၊ ဂျပန်၊ ကိုရီးယား၊ မလေးရှားနှင့် စင်ကာပူတို့သို့ တင်ပို့လျက်ရှိသည်။

ပြည်ပသို့ ပဲမျိုးစုံတင်ပို့ရာတွင် တန်ချိန်တိုးမြှင့်တင်ပို့နိုင်ရုံသာမက ဈေးနှုန်းကောင်းစွာရရှိရေး ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သည်။ တောင်သူများအနေဖြင့် မိမိတို့ဒေသနှင့် ကိုက်ညီသည့် အရည်အသွေးကောင်း အထွက်တိုးပဲမျိုးများ အစားထိုးစိုက်ပျိုးရေး၊ ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေးသုံးစွဲရမှုနည်းသည့် ပဲမျိုးများ တိုးချဲ့စိုက်ပျိုးရေးတို့ကို အလေးထား ဆောင်ရွက်ကြရမည်ဖြစ်သည်။

ပြည်ပပဲဈေးကွက်၌ ပဲလိုအပ်ချက်နှင့် ဈေးမြင့်တက်နေမှုအခြေအနေ၊ အိမ်နီးချင်းနိုင်ငံများသို့ မြန်မာ့ပဲမျိုးစုံ တင်ပို့နေသည့် လက်ရှိဈေးကွက်အလားအလာများအရ မျက်နှာပန်းလှ မြန်မာ့ပဲမျိုးစုံ တိုးချဲ့စိုက်ပျိုးရေးနှင့် အရည်အသွေးမြင့် ပဲများ တိုးမြှင့်တင်ပို့နိုင်ရေး ဆက်လက်ကြိုးပမ်းကြရမည် ဖြစ်ပါသည်။ ။

ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ် (၅)ရပ်ကွက် ၁၂ လမ်းနေ ဦးထွန်းစိန်–ဒေါ်ကျင်မိသားစုက ဒဂုံမြို့နယ် စကားဝါလမ်း မင်းကွန်းဆရာတော်ကြီး၏ တိပိဋက တိုးချဲ့ခြောက်ထပ်ကျောင်းတော်ကြီးအတွက် အလှူငွေကျပ် ၁၁၁၀၀၀ ကို အနုနာယက ဆရာတော် ဘဒ္ဒန္တနန္ဒကထံ ရေစက်ချအနုမောဒနာတရား နာယူပြီး တိ–နိ(ရန်ကုန်ဌာန) အုပ်ချုပ်ရေးမှူး (ရုံးအဖွဲ့)ဦးထွန်းမြင့်ထံ ပေးအပ်လှူဒါန်းစဉ်။

(ကြေးမုံ)

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ဝန်ကြီးဗိုလ်မှူးချုပ်လွန်းသီအား တရုတ်ပြည်သူ့သမ္မတနိုင်ငံသံအမတ်ကြီး လာရောက်တွေ့ဆုံ

နေပြည်တော် ဖေဖော်ဝါရီ ၁၇

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီအား ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr.Guan Mu သည် ဖေဖော်ဝါရီ ၁၅ ရက် နံနက်ပိုင်းတွင် နေပြည်တော်ရှိ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီးရုံးဧည့်ခန်းမသို့ လာရောက်တွေ့ဆုံပြီး စွမ်းအင်ကဏ္ဍနှင့်ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြောင်း သိရှိရသည်။ **(အောက်ပုံ)** (သတင်းစဉ်)

တရားစခန်းပွဲများ

ရန်ကုန် ဖေဖော်ဝါရီ ၁၇

ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် ၁၃ ရပ်ကွက် ရှင်ထွေးညိုလမ်း မိုးကုတ်ဝိပဿနာအဖွဲ့ခွဲ ၃၄၃ ရွှေခြံဓမ္မရိပ်သာကျောင်းတိုက်၌ ဖေဖော်ဝါရီ ၂၂ရက်မှ ၂၈ ရက်အထိ၊ မတ် ၁၇ရက်မှ ၂၃ ရက်အထိ ကလေးအထူးတရားစခန်းပွဲများ ကျင်းပမည်ဖြစ်ရာ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ရွှေခြံဆရာတော်ဘဒ္ဒန္တဇာဂရိယက ဟောကြားပြသမည်ဖြစ်ကြောင်းသိရသည်။ (က–ပ)

လန်ဒန်မြို့ မိုးကုတ်ဝိပဿနာရိပ်သာကျောင်းတော်ကြီးဖြစ်မြောက်ရေးကော်မတီ(ရွှေသိင်္ဂီရတနာဓမ္မာရုံ အမှတ်–၉၈၊ ရွှေဘုံသာလမ်း ပန်းဘဲတန်းမြို့နယ်)သို့ မိခင် ဒေါ်ဝက်၊ ကိုသိန်းဝင်း၊ ကိုအောင်ထွေး တို့ကို ရည်စူး၍ ပိန်းဇလုပ်မြို့နေ ဦးအင်စွိ မိသားစုနှင့် ညောင်လေးပင်မြို့နေ ဦးသောင်းဝင်း–ဒေါ်ခင်မွှေး မိသားစုတို့က ငွေကျပ် ၃၀၀၀၀၀ လှူဒါန်းရာ ဥက္ကဋ္ဌ မဟာသဒ္ဓမ္မဇောတိကဓဇ ဦးကျော်ခင်မြင့် လက်ခံယူစဉ်။ (က–ပ)

သတ္တမအကြိမ် ဆေးပညာသင်ကြားရေး နှီးနှောဖလှယ်ပွဲကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၁၇

ကျန်းမာရေးဝန်ကြီးဌာန ဆေးသိပ္ပံပညာဦးစီးဌာန သတ္တမအကြိမ် ဆေးပညာသင်ကြားရေး နှီးနှောဖလှယ်ပွဲဖွင့်ပွဲအခမ်းအနားကို ယမန်နေ့ နံနက် ၉ နာရီတွင် နေပြည်တော်ရှိ ကျန်းမာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာပိုင်စိုးက အဖွင့်အမှာစကားပြောကြားပြီး**(အပေါ်ပုံ)** ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ ထို့နောက် ဆွေးနွေးပွဲကို ဆက်လက်ကျင်းပရာ ဆေးသိပ္ပံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ပါမောက္ခ ဒေါက်တာသန်းမြင့်နှင့် ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ ပါမောက္ခ/ဌာနမှူးများ၊ ကထိကများက ဆေးပညာနှင့် ဆေးပညာနှီးနွှယ်ဘာသာရပ်များ ပိုမိုပီပြင် စနစ်ကျသည့် ဆေးပညာသင်ကြားရေး ဝင်ခွင့်ရွေးချယ်ရေးစနစ်ပေါ်ထွန်းလာစေရန် ပါဝင်ဆွေးနွေးကြပြီး ဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၁၆ ရက်မှစ၍ ဖေဖော်ဝါရီ ၁၇ ရက်အထိ ကျင်းပခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဇန်နဝါရီ ၃၁ရက်က ကော့မှူးမြို့နယ် သမင်ခြံ အခြေခံပညာ အလယ်တန်းကျောင်း၏ ၂၀၀၆–၂၀၀၇ ပညာသင်နှစ် အားကစားနှင့် ပညာရည်ချွန်ဆုပေးပွဲအခမ်းအနားတွင် အကြီးတန်းဘောလုံးပြိုင်ပွဲ ပထမဆုရ အနီရောင်အသင်းအား ကျောင်းအုပ်ဆရာကြီး ဦးမြသိန်း ဒိုင်းဆုချီးမြှင့်စဉ်။ (ပညာရေး)

သရက်မြို့၌ မေတ္တာရှင်အခမဲ့ ဆေးကုခန်းဖွင့်

ရန်ကုန် ဖေဖော်ဝါရီ ၁၇

၂၀၀၈ ခုနှစ် (၆၁)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် မကွေးတိုင်း သရက်ခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း၏ အစီအစဉ်ဖြင့် "မေတ္တာရှင်အခမဲ့ဆေးကုခန်း"ဖွင့်ပွဲကို ဖေဖော်ဝါရီ ၁၂ ရက်တွင် သရက်မြို့ ရွှေဘုံသာရပ်ကွက်၌ ကျင်းပရာ ခရိုင်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာမြင့်မြင့်လှိုင်က အမှာစကားပြောကြားပြီး ခရိုင်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း တွဲဖက်အတွင်းရေးမှူး ဦးကြည်မင်းက ဆေးခန်းဖြစ်ပေါ်လာပုံနှင့် ဆောင်ရွက်ချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဦးခင်မောင်ဝင်း၊ အလှူရှင် ဦးအုန်းရွှေ၊ သရက်ဘိလပ်မြေစက်ရုံမှူးဦးအောင်သိန်းမြင့်၊ ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာမြင့်မြင့်လှိုင်နှင့် တိုင်းအသင်းအလုပ်အမှုဆောင် ဦးသန်းဆွေတို့က မေတ္တာရှင်အခမဲ့ဆေးကုခန်းကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

(သတင်းစဉ်)

✻ ပြည်ထောင်စု မြန်မာနိုင်ငံတော်မှ

ချစ်ကြည်ရင်းနှီးမှုများကို စဉ်ဆက်မပြတ်ထိန်းသိမ်းခဲ့ကြပါသည်။ကျွန်ုပ်တို့နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးစွာ ဆက်ဆံရေးနှင့် အတူတကွ ပူးပေါင်းဆောင်ရွက်မှုများသည် လွန်ခဲ့သောဆယ်စုနှစ် (၆)ခုကတည်းကပင် ဖြစ်ပေါ်ထွန်းကားလာပြီးဖြစ်သည်။

ယခု ထောင်စုနှစ်သစ်အတွင်းတွင် ကျွန်ုပ်တို့နှစ်နိုင်ငံအနေဖြင့် ရင်ဆိုင်စိန်ခေါ်မှုများစွာ ရှိနေပါသည်။ ထိုသို့ကြုံတွေ့ရင်ဆိုင်ရမည့် စိန်ခေါ်မှုများအား အချင်းချင်း နားလည်မှု၊ ယုံကြည်စိတ်ချမှုနှင့် တက်ကြွစွာပူးပေါင်းဆောင်ရွက်မှုစိတ်ထားဖြင့် နှစ်နိုင်ငံချင်းဖြစ်စေ၊ နိုင်ငံအများနှင့်ဖြစ်စေ လက်တွဲ ကြိုးပမ်းဆောင်ရွက်သွားရန် ကျွန်ုပ်တို့ အလေးအနက်ဆန္ဒရှိပါသည်။ ကျွန်ုပ်တို့နှစ်နိုင်ငံအတွက်သာမက ဒေသတစ်ခုလုံး၏ ငြိမ်းချမ်းရေး၊ လုံခြုံရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်မှုများကို နှစ်နိုင်ငံ ပူးပေါင်းအားထုတ်မှုက အထောက်အကူဖြစ်လိမ့်မည်ဟု ကျွန်ုပ်တို့ယုံကြည်ပါသည်။

ဤအခါသမယတွင် အဆွေတော်ကျန်းမာစေရန်နှင့် အောင်မြင်စေရန်အတွက်လည်းကောင်း၊ ရုရှားနိုင်ငံဆက်လက်တိုးတက်သာယာဝပြောစေရန်အတွက်လည်းကောင်း ဆုတောင်းမေတ္တာ ပို့သအပ်ပါသည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်ထံမှ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဝန်ကြီးချုပ် မစ္စတာဗစ်တာဇူးကော့ဗ်ထံသို့ပေးပို့သည့် သဝဏ်လွှာ

ပြည်ထောင်စုမြန်မာနိုင်ငံတော်နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံတို့ သံတမန်အဆက်အသွယ် ထူထောင်သည့် နှစ်(၆၀)ပြည့်မြောက်သည့် နှစ်ပတ်လည်အခါသမယတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရကိုယ်စား အဆွေတော်နှင့် အဆွေတော်မှတစ်ဆင့် ရုရှားနိုင်ငံအစိုးရထံသို့ လှိုက်လှဲစွာနှုတ်ခွန်းဆက်သလျက် ဆုမွန်ကောင်းများ ပို့သအပ်ပါသည်။

နှစ်နိုင်ငံ သံတမန်ဆက်သွယ်မှု စတင်ခဲ့ကြသော လွန်ခဲ့သည့် နှစ်(၆၀)ကာလမှ ယခုတိုင် အပြန်အလှန်နားလည်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုတို့ကို အခြေခံသောအစဉ်အလာအရတည်မြဲခဲ့သည့် ချစ်ကြည်ရင်းနှီးသည့်ဆက်ဆံရေးကို ကျွန်ုပ်တို့ ထိန်းသိမ်းနိုင်ခဲ့ကြပါသည်။

နှစ်နိုင်ငံအကြား စဉ်ဆက်မပြတ် ပူးပေါင်းဆောင်ရွက်မှုများနှင့် နှစ်နိုင်ငံခေါင်းဆောင်ကြီးများ အချင်းချင်းသာမက အဆင့်အသီးသီးရှိ အစိုးရအကြီးအကဲများအချင်းချင်း ချစ်ကြည်ရေး ခရီးစဉ်များ အပြန်အလှန်လည်ပတ်မှုတို့မှတစ်ဆင့် တည်ရှိပြီးဖြစ်သည့် ချစ်ကြည်ရင်းနှီးသည့် ဆက်ဆံရေးကို ပိုမိုတိုးတက် ခိုင်မြဲလာစေရန်နှင့် အပြန်အလှန်အကျိုးတူကိစ္စရပ်များတွင် နှစ်ဦးနှစ်ဖက်အကျိုးနှင့် တန်းတူရည်တူရှိသောစိတ်ဓာတ်ဖြင့် ပိုမိုပူးပေါင်းဆောင်ရွက်သွားနိုင်ရန်အတွက် မိမိတို့နှစ်နိုင်ငံအကြား ပိုမိုနီးကပ်စွာ ဆက်လက်ပူးပေါင်းဆောင်ရွက်သွားရန် မျှော်လင့်ထားပါသည်။

ကျွန်ုပ်တို့နှစ်နိုင်ငံအကြားတွင် ပြုစုပျိုးထောင်ထားသည့် ချစ်ကြည်ရင်းနှီးသည့် ဆက်ဆံရေးကို နောင်လာမည့်နှစ်များတွင် ပိုမိုတိုးတက်ခိုင်မြဲအောင်ထိန်းသိမ်းသွားနိုင်လိမ့်မည်ဟု ကျွန်ုပ်တို့အပြည့်အဝယုံကြည်ကြောင်း ဖော်ပြအပ်ပါသည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းထံမှ ရုရှားဖက်ဒရေးရှင်းနိုင်ငံ–နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာ ဆာဂီဗီ၊ လက်ဗရော့(ဗ်)ထံသို့ ပေးပို့သည့် သဝဏ်လွှာ

ပြည်ထောင်စုမြန်မာနိုင်ငံတော်နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံတို့၏ သံတမန်အဆက်အသွယ် ထူထောင်သည့် နှစ်(၆၀)ပြည့် မင်္ဂလာအခါသမယတွင် အဆွေတော်ထံသို့ ဆုမွန်ကောင်းများပို့သလျက် နှုတ်ခွန်းဆက်သအပ်ပါသည်။

လွန်ခဲ့သည့် အနှစ်(၆၀)မှ စတင်တည်ရှိခဲ့သည့် နှစ်နိုင်ငံအကြား အပြန်အလှန် နားလည်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုကို အခြေခံသည့် ချစ်ကြည်ရင်းနှီးမှုတို့ကို နှစ်နိုင်ငံခေါင်းဆောင် အဆက်ဆက်တို့က ဆက်လက်ထိန်းသိမ်းနိုင်ခဲ့ကြပါသည်။ ကျွန်ုပ်တို့၏ခေါင်းဆောင်ကြီးများက ချမှတ်ပေးခဲ့သည့် လက်ရှိ ချစ်ကြည်ရင်းနှီးသော ဆက်ဆံရေးကို ဆက်လက်မြှင့်တင်သွားရန် အစွမ်းကုန်ကြိုးပမ်းအားထုတ်သွားရန်မှာ ကျွန်ုပ်တို့၏ တာဝန်ပင်ဖြစ်ပါသည်။

ဤနှစ်(၆၀)ပြည့်မြောက်သည့် အခါသမယသည် နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှု၊ အပြန်အလှန်လေးစားမှုနှင့် နားလည်မှုတို့အပေါ် အခြေခံ၍ လက်ရှိချစ်ကြည်ရင်းနှီးပြီး ပူးပေါင်းဆောင်ရွက်မှုရှိသည့် ဆက်ဆံရေးကို ပိုမိုမြင့်မားသော အနေအထားသို့ ရောက်ရှိအောင် အရှိန်အဟုန်မြှင့်တင်ဖြည့်ဆည်း ဆောင်ရွက်ပေးနိုင်လိမ့်မည်ဟု အပြည့်အဝယုံကြည်ပါသည်။

❁ ရုရှားဖက်ဒရေးရှင်းနိုင်ငံမှ

နှစ်နိုင်ငံအကြား ထိရောက်သော အပြန်အလှန် ထိတွေ့ဆက်ဆံမှုများသည် နှစ်နိုင်ငံဆက်ဆံရေး ပိုမိုတိုးတက်လာစေရေးအတွက်လည်းကောင်း၊ လူမျိုးပေါင်းစုံနေထိုင်ရာ မိမိတို့နှစ်နိုင်ငံပြည်သူများအကြား ချစ်ကြည်ရင်းနှီးမှုနှင့် အပြန်အလှန်နားလည်မှုများ ပိုမိုတိုးတက်ဖြစ်ထွန်းလာစေရေးအတွက်လည်းကောင်း အခြေခံကောင်းများဖြစ်လာစေလိမ့်မည်ဟု မိမိယုံကြည်ပါသည်။

အဆွေတော် ကျန်းမာရွှင်လန်းစေရေးအတွက်လည်းကောင်း၊ မြန်မာနိုင်ငံတွင် အကောင်အထည်ဖော်လျက်ရှိသည့် နိုင်ငံရေးပြုပြင်ပြောင်းလဲမှုများ အောင်မြင်စေရေးအတွက်လည်းကောင်း၊ မြန်မာပြည်သူပြည်သားများအားလုံး သာယာဝပြောစေရေးအတွက်လည်းကောင်း ဆုမွန်ကောင်းများ ပို့သလိုက်ပါသည်။

ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဝန်ကြီးချုပ် မစ္စတာဗစ်တာဇူးကော့ဗ်ထံမှ ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်ထံသို့ ပေးပို့သည့်သဝဏ်လွှာ

ရုရှားဖက်ဒရေးရှင်းနိုင်ငံနှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်တို့အကြား သံတမန်အဆက်အသွယ်ထူထောင်သည့် နှစ်(၆၀)ပြည့် အထိမ်းအမှတ် အခါသမယအတွက် ဂုဏ်ယူဝမ်းမြောက်စွာ နှုတ်ခွန်းဆက်သလိုက်ပါသည်။

မိမိတို့နှစ်နိုင်ငံအကြား နှစ်ပေါင်းများစွာကပင် တည်ရှိခဲ့ပြီး ရလဒ်ကောင်းများရရှိနေသည့် ကဏ္ဍစုံပူးပေါင်းဆောင်ရွက်မှုများအတွက် မိမိအနေဖြင့် များစွာနှစ်ထောင်းအားရဖြစ်မိပါသည်။ ရုရှားနှင့် မြန်မာအစိုးရတို့အနေဖြင့် နှစ်နိုင်ငံဆက်ဆံရေးကို ပိုမိုတိုးချဲ့မြှင့်တင်သွားရန် ရည်မှန်းလျက် အထူးသဖြင့် ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုကဏ္ဍများ၌ ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်သွားနိုင်ရေးနှင့် ရုရှားပြည်သူများ၊ မြန်မာပြည်သူများ သာယာဝပြောစေရေးတို့အတွက် ပိုမိုနီးကပ်စွာ ထိတွေ့ဆက်ဆံမှုများ ဆက်လက်ပြုလုပ်သွားနိုင်လိမ့်မည်ဟု မျှော်လင့်ပါသည်။

အဆွေတော် ဝန်ကြီးချုပ် ကျန်းမာရွှင်လန်းပျော်ရွှင်စေရန်နှင့် လုပ်ငန်းတာဝန်များ အောင်မြင်မှုရရှိစေရန် ဆုမွန်ကောင်းများတောင်းလိုက်ပါသည်။

ရုရှားဖက်ဒရေးရှင်းနိုင်ငံ–နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာဆာဂီဗီ၊ လက်ဗရော့(ဗ်)ထံမှ ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း ထံသို့ ပေးပို့သည့်သဝဏ်လွှာ

ရုရှားဖက်ဒရေးရှင်းနိုင်ငံနှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်တို့အကြား သံတမန် အဆက်အသွယ်ထူထောင်သည့် နှစ်(၆၀)ပြည့်အထိမ်းအမှတ် အခါသမယတွင် မိမိအနေဖြင့် အဆွေတော်အား ဂုဏ်ယူဝမ်းမြောက်မိပါကြောင်း ခင်မင်ရင်းနှီး စွာဖြင့် ဆုတောင်းမေတ္တာပို့သအပ်ပါသည်။

မိမိတို့နှစ်နိုင်ငံနှင့် ကမ္ဘာ့နိုင်ငံများအကြား သမိုင်းအစဉ်အလာအရ တည်ရှိပြီးဖြစ်သည့် ချစ်ကြည်ရင်းနှီးသည့်ဆက်ဆံရေးကို ပိုမိုတိုးတက်ခိုင်မြဲစေရေးအတွက် နှစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနများအနေဖြင့် ထိရောက်စွာ ပံ့ပိုးကူညီမှုများ ပေးအပ်နိုင်ခြင်းကို မိမိအနေဖြင့် ဝမ်းမြောက်စွာ အသိအမှတ်ပြုအပ်ပါသည်။ မိမိတို့နှစ်နိုင်ငံအနေဖြင့် မြန်မာပြည်သူများနှင့် ရုရှားပြည်သူများ၏ အကျိုးစီးပွားအတွက်သာမက နိုင်ငံတကာရေးရာကိစ္စများနှင့် အာရှ–ပစိဖိတ်ဒေသကြီး တစ်ခုလုံး၏ တည်ငြိမ်အေးချမ်းရေးနှင့် လုံခြုံရေးအတွက် အရေးပါသောကိစ္စရပ်များတွင်လည်း ပိုမိုထိရောက်စွာအကျိုးပြု ဆောင်ရွက်သွားနိုင်လိမ့်မည်ဟု မိမိအနေဖြင့် ယုံကြည်ပါသည်။

အဆွေတော် ကျန်းမာရွှင်လန်းစေရန်နှင့် မြန်မာပြည်သူပြည်သားများ၏ အကျိုးစီးပွားဖြစ်ထွန်းစေရန်အတွက် အဆွေတော်၏ အရေးပါသည့်ဆောင်ရွက်ချက်များလည်း အောင်မြင်ပါစေကြောင်း မိမိအနေဖြင့်ဆုတောင်းမေတ္တာပို့သအပ်ပါသည်။

အပူပိုင်းဇုန်ကျေးလက်ရေရရှိရေး နည်းပညာစီမံကိန်း ပထမအကြိမ်နည်းပညာလွှဲပြောင်းရရှိမှုဆွေးနွေးပွဲကျင်းပ



နေပြည်တော် ဖေဖော်ဝါရီ ၁၇

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနနှင့် Japan International Co-operation Agency (JICA) တို့ ပူးပေါင်းဆောင်ရွက်သည့် အပူပိုင်းဇုန်ကျေးလက်ရေရရှိရေး နည်းပညာစီမံကိန်း၏ ပထမအကြိမ် နည်းပညာလွှဲပြောင်းရရှိမှု ဆွေးနွေးပွဲကို နေပြည်တော် သင်္ဂဟဟိုတယ် အစည်းအဝေးခန်းမ၌ ဖေဖော်ဝါရီ ၁၄ရက် နံနက်ပိုင်းတွင် ကျင်းပရာ စည်ပင်သာယာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးမြင့် တက်ရောက်၍ အမှာစကားပြောကြားသည်။

ဆွေးနွေး

ထို့နောက် JICA ရုံးချုပ်မှ ဒုတိယဌာနေကိုယ်စားလှယ် Mr.Sato နှင့် JICA (မြန်မာ)ရုံးမှ ကျွမ်းကျင်မှုပညာရှင် Mr. Matsumoto တို့က နည်းပညာနှင့် ပူးပေါင်းဆောင်ရွက်မှု၊ သင်ကြားပို့ချမှုဆိုင်ရာများအား ဆွေးနွေးပြောကြားသည်။

ယင်းနောက် သင်တန်းသားခြောက်ဦးက ဇလဘူမိဗေဒဆိုင်ရာ အချက်အလက်များ၊ မြေအောက်ရေတိုင်းတာခြင်း၊ တွင်းသစ်တူးဖော်ခြင်း၊ တွင်းဟောင်းများ အဆင့်မြင့်ပြင်ဆင်ခြင်း၊ စက်ရေတွင်းများ ပုံမှန်လည်ပတ်ခြင်းနှင့် ပြုပြင်ထိန်းသိမ်းခြင်းနှင့် ပြင်ဆင်ရေးအလုပ်ရုံဆိုင်ရာလေ့လာတွေ့ရှိချက်များကိုရှင်းလင်းတင်ပြသည်။

နည်းပညာစီမံကိန်းကြောင့် ရေစီမံခန့်ခွဲမှုနှင့် ပြင်ဆင်ထိန်းသိမ်းခြင်းစသည့် နည်းပညာများ သိရှိနားလည်လာပြီး လက်ရှိမြို့နယ် သုံးမြို့နယ်မှ အပူပိုင်းဇုန်ရှိမြို့နယ်များ၊ကျန်ပြည်နယ်၊ တိုင်း၊ မြို့နယ်များအားလုံး ဆင့်ပွားသင်တန်းများ ဖွင့်လှစ်၍ စီမံကိန်းစနစ်တကျအကောင်အထည်ဖော် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ နည်းပညာနှင့် စီမံခန့်ခွဲမှုအပိုင်းများကို စနစ်တကျသင်ကြားပေးနိုင်သဖြင့် ကျေးလက်ဒေသနေ ပြည်သူများ ရေရရှိရေးလုပ်ငန်းများနှင့် ပတ်သက်၍ ကျယ်ကျယ်ပြန့်ပြန့် သိရှိဆောင်ရွက်နိုင်ခဲ့ပြီး ကျန်ပြည်နယ်၊ တိုင်းများရှိ ကျေးလက်နေ ပြည်သူများလည်း ရေရရှိရေးနှင့် ပတ်သက်၍ သိရှိနားလည်အောင် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ကျေးလက်နေပြည်သူများ အသိပညာ၊ အတတ်ပညာများ တိုးတက်သိရှိလာသည်နှင့်အညီ ကျေးလက်ဒေသသန့်ရှင်းသော သောက်သုံးရေ ရရှိရေးစီမံကိန်းကို အထောက်အကူဖြစ်စေကြောင်း၊ နည်းပညာများစနစ်တကျ ဆင့်ပွားသင်ကြားပေးခြင်း၊ ပြင်ဆင်ထိန်းသိမ်းမှုအလုပ်ရုံများပံ့ပိုးဆောင်ရွက်ပေးခြင်းတို့ကြောင့် ကျေးလက်ဒေသ ရေရရှိရေးစီမံကိန်းကို ဆက်လက်အောင်မြင်အောင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းသိရှိရသည်။

(သတင်းစဉ်)

အမှာစကားပြောကြား

စည်ပင်သာယာရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးမြင့် အပူပိုင်းဇုန် ကျေးလက်ရေရရှိရေး နည်းပညာစီမံကိန်း၏ ပထမအကြိမ် နည်းပညာလွှဲပြောင်းရရှိမှု ဆွေးနွေးပွဲတွင် အမှာစကား ပြောကြားစဉ်။

(သတင်းစဉ်)

မရမ်းကုန်းမြို့နယ် သမိုင်း(၁)ရပ်ကွက် (၂)လမ်းရှိ ရတနာမဥ္ဇူ ဓမ္မရိပ်သာတွင် တည်ဆောက်လျက်ရှိသော စိတ္တဝိဝေက လေးထပ်ကျောင်းတော်ကြီးအတွက် မရမ်းကုန်း(၁)ရပ်ကွက် (၂)လမ်းနေ ဦးအောင်သိန်း–ဒေါ်ကျင်မြိုင်မိသားစုက အလှူငွေကျပ်တစ်သိန်းကို ရတနာမဥ္ဇူဓမ္မရိပ်သာကျောင်း ဆရာတော် ကမ္မဋ္ဌာနာစရိယ အရှင်ဇေယျာနန္ဒ (ပုဂံ) ရှေ့မှောက်၌ လှူဒါန်းရာ ကျောင်းဖြစ်မြောက်ရေးကော်မတီမှ ဦးပေါ်ထွန်းလက်ခံရယူစဉ်။(က–ပ)

ဖေဖော်ဝါရီ ၃ ရက်က ကျင်းပသည့် တာချီလိတ်မြို့ အခြေခံပညာ အထက်တန်းကျောင်း၏ ၂၀၀၆–၂၀၀၇ ပညာသင်နှစ် မိဘဆရာ အသင်း နှစ်ပတ်လည် အစည်းအဝေးနှင့် ပညာရည်ချွန်ဆု ချီးမြှင့်ပွဲအခမ်းအနားတွင် ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးသန်းထွန်းက ဆဋ္ဌမတန်းတွင်ပထမဆုရရှိသော မောင်စိုင်းကျော်ဇင်ဟိန်းအား ဆုချီးမြှင့်စဉ်။

(က–ပ)

ဂါဇာကမ်းမြောင်တွင်ဗုံးပေါက်ကွဲ၍ ရှစ်ဦးသေဆုံး လက်တုံ့ပြန်မည်ဟု ဟားမတ်စ်တို့ ပြောကြား

ဂါဇာ ဖေဖော်ဝါရီ ၁၆

ဂါဇာကမ်းမြောင် ဒေသတွင် သောကြာနေ့ညက ဖြစ်ပွားသော ပေါက်ကွဲမှု၌ ပါလက်စတိုင်း အထက်တန်းခေါင်းဆောင်တစ်ဦး အပါအဝင် ရှစ်ဦးသေဆုံးသွားပြီး ၄၀ ဒဏ်ရာ ရရှိသွားသည်။

လက်တုံ့ပြန်မည်

ယင်းကိစ္စကို လက်တုံ့ပြန် တိုက်ခိုက်သွားမည် ဖြစ်ကြောင်း ဟားမတ်စ်နှင့် ဂျီဟတ်ပါလက်စတိုင်း အဖွဲ့များမှ ခေါင်းဆောင်များက ပြောကြားခဲ့ကြသည်။

ငြင်းဆို

ဂါဇာအလယ်ပိုင်းဒေသ၌ ဖြစ်ပွားသည့် အဆိုပါ အဖြစ်အပျက်သည် အစ္စရေးတို့နှင့် ပတ်သက်ခြင်း မရှိကြောင်း အစ္စရေးစစ်ဘက်က ငြင်းဆိုသည်။ ယင်းဖြစ်ရပ်တွင် ပါလက်စတိုင်း အထက်တန်းခေါင်းဆောင် အေမင်အက္ကလာဖာရက်ဒ်၊ ၎င်း၏ ဇနီး၊ သမီးနှင့် အခြားလူ ငါးဦးတို့ သေဆုံးခဲ့ရသည်။

အယ်လ်ဘူရီချ် ဒုက္ခသည်စခန်း၌ ဖြစ်ပွားသည့် ပေါက်ကွဲမှုနှင့် ပတ်သက်၍ အစ္စရေးတို့၏ လုပ်ရပ်ကို ရှုတ်ချကြောင်း၊ ထိုကိစ္စမှာ အစ္စရေးတို့ အပေါ်တွင် တာဝန်ရှိပြီး နောက်ဆက်တွဲ အကျိုးဆက်များကို ခံစားရမည်ဖြစ်ကြောင်း ဟားမတ်စ်အဖွဲ့ ပြောရေးဆိုခွင့်ရှိသူ ဆာမီအဘူဇူဟာရီက ပြောကြားသည်။

အင်တာနက်။

ဖေဖော်ဝါရီ ၁၅ ရက်က ဂါဇာကမ်းမြောင်ဒေသ၌ ဗုံးပေါက်ကွဲမှုကြောင့် ဒဏ်ရာရရှိသွားသည့် ပါလက်စတိုင်း အမျိုးသမီးတစ်ဦးကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ဂျာမန်ဝန်ထမ်းအား ပြန်ပေးဆွဲသူ ငါးဦးဖမ်းမိ

ဟာဂျီဆာ(ဆိုမာလီ) ဖေဖော်ဝါရီ ၁၆

ဂျာမနီနိုင်ငံ အကူအညီပေးရေး အဖွဲ့မှ ဂျာမန်ဝန်ထမ်းတစ်ဦးကို ယခုသီတင်းပတ်က ပြန်ပေးဆွဲခဲ့သည့် သေနတ်သမား ငါးဦးအား ဆိုမာလီသမ္မတနိုင်ငံ၊ ဆိုမာလီ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသမှ အာဏာပိုင်များက ဖမ်းမိခဲ့ကြောင်း တာဝန်ရှိသူက ကြာသပတေးနေ့တွင် ပြောကြားသည်။

ဂျာမန် အင်ဂရိုလှုပ်ရှားမှုအဖွဲ့ (ဂျီအေအေ)မှ ဝန်ထမ်း ဒါနယ်လ်ဘရွန်ကယ်သည် အစိုးရတပ်ဖွဲ့များနှင့် သေနတ်သမားများအားတိုက်ပွဲဖြစ်ပွားပြီးနောက် ဖေဖော်ဝါရီ ၁၂ ရက် ညနေပိုင်းတွင် လွတ်မြောက်ခဲ့သည်။

ဂျာမန်ဝန်ထမ်းအား ပြန်ပေးဆွဲခဲ့သူ ငါးဦးကို ဆိုမာလီတပ်ဖွဲ့များက ဖမ်းဆီးခဲ့ပြီး ပြန်ပေးဆွဲရာတွင် ပါဝင်သည့် အခြားနှစ်ဦးမှာ လွတ်မြောက်နေဆဲဖြစ်ကြောင်း ဆန်နာ့ဂ်ဒေသ ဒုတိယဥက္ကဋ္ဌက ပြောကြားသည်။

ပြန်ပေးသမားများသည် ပွန့်လန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသမှဖြစ်ကြောင်း ပြည်ထဲရေးဝန်ကြီးက ပြောကြားသည်။

အမ်အင်အေ၊ ရိုက်တာ။

မလေးရှားတွင် မီးသတ်ပိုက်၊ မျက်ရည်ယိုဗုံးသုံး၍ ဆန္ဒပြအုပ်စုကို ဖြိုခွဲ

ကွာလာလမ်ပူ ဖေဖော်ဝါရီ ၁၆

မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့တွင် ဆန့်ကျင်ဆန္ဒပြကန့်ကွက်နေကြသူများအား မလေးရှားရဲတပ်ဖွဲ့က စနေနေ့တွင် မီးသတ်ပိုက်များနှင့် မျက်ရည်ယိုဗုံးများ အသုံးပြု၍ လူစုခွဲခဲ့ကြသည်။

မတ်လ ၈ရက်နေ့၌ ကျင်းပမည့် အထွေထွေရွေးကောက်ပွဲကာလအတွင်း လမ်းမများပေါ်၌ ဆန္ဒပြမည့်ကိစ္စမပေါ်ပေါက်ရေးအတွက် မလေးရှားအစိုးရသည် အဓိကရုဏ်းနှိမ်နင်းရေးရဲများအပါအဝင် ရဲတပ်သား ၁၀၀ ခန့်ကို ဖြိုခွဲရန် စေလွှတ်ခဲ့သည်။

ဝန်ကြီးချုပ် အဗ္ဗဒူလာအာမက် ဘာဒါဝီ၏ ညွန့်ပေါင်းအစိုးရသည် ရွေးကောက်ပွဲတွင် မဲရရှိမှုလျော့နည်းသော်လည်း အာဏာပြန်လည်ရရှိလိမ့်မည်ဟု မျှော်လင့်ထားကြသည်။ ဆန္ဒပြသူအများစုက ဘာဒါဝီ၏ ညွှန့်ပေါင်းအစိုးရသည် လူမျိုးရေးခွဲခြားဆက်ဆံသည်ဟု စွပ်စွဲထားသည်။

ဖမ်းဆီးခံနေရသည့် အိန္ဒိယနွယ်ဖွား ငါးယောက်ကို ပြန်လွှတ်ပေးရန် တောင်းဆိုချက်အား ဖိအားပေးသည့်အနေဖြင့် ဇန်နဝါရီလက ဆန္ဒပြခဲ့ကြခြင်းဖြစ်သည်။ လွန်ခဲ့သော နိုဝင်ဘာလအတွင်းက အလုပ်အကိုင်နှင့် ပညာရေး အခွင့်အလမ်း နည်းပါးမှုကို မကျေနပ်၍ ကွာလာလမ်ပူ၌ ဆန္ဒပြ ပြီးနောက် အထက်ပါ ငါးဦးကို တရားရုံးတင်စစ်ဆေးခြင်းမရှိဘဲ ဖမ်းဆီးထားခဲ့သည်။

အမ်အင်အေ၊ ရိုက်တာ။

ဖေဖော်ဝါရီ ၁၆ ရက်က မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့၌ ဆန္ဒပြကန့်ကွက်သူများအား ရဲတပ်ဖွဲ့ဝင်များက ဖမ်းဆီးနေစဉ်။

(ဓာတ်ပုံ-အင်တာနက်)

နယူးယောက်တိုင်းမ်သတင်းစာ ဘဏ္ဍာရေးအကျပ်အတည်းတွေ့ ဝန်ထမ်း ၁၀၀ ခန့် လျှော့ချရန် စီစဉ်

ဝါရှင်တန် ဖေဖော်ဝါရီ ၁၆

နယူးယော့က်တိုင်းမ်သတင်းစာသည် ဘဏ္ဍာရေးအကျပ်အတည်း ဆိုက်ရောက်မှုကြောင့် ယခုနှစ်အတွင်း သတင်းကဏ္ဍမှ ဝန်ထမ်း ၁၀၀ ခန့် အလုပ်မှ ဖယ်ရှားရမည်ဖြစ်ကြောင်း သောကြာနေ့က ထုတ်ဝေသည့် အဆိုပါသတင်းစာ၌ ရေးသားဖော်ပြသည်။

ယင်းသို့ ဝန်ထမ်းများ လျှော့ချမှုကို လစ်လပ်သည့် ရာထူးများတွင် နောက်ထပ် ဝန်ထမ်းမခန့်သည့်နည်းဖြင့် ဖြေရှင်းမည်ဖြစ်ပြီး လိုအပ်ပါက အလုပ်မှဖြုတ်မည်ဟု အမှုဆောင်အယ်ဒီတာ ဘီကဲလား၏ ပြောကြားချက်ကို ကိုးကား၍ အဆိုပါ သတင်းစာက ဖော်ပြသည်။

နယူးယောက်တိုင်းမ်သတင်းစာတွင် ဝန်ထမ်း ၁၃၃၂ ဦးရှိသည်။ မကြာမီနှစ်များအတွင်း သတင်းဌာနမှ ဝန်ထမ်းများ ဖယ်ရှားခဲ့သေးသည်။ အင်တာနက်လုပ်ငန်း တွင်ကျယ်လာနေသဖြင့် ဝန်ထမ်းအများအပြား ဆက်လက် ဖယ်ရှားခံရဖွယ်ရာရှိသည်ဟု ဆိုသည်။

နယူးယောက်တိုင်းမ်ကုမ္ပဏီက ၂၀၀၇ ခုနှစ်တွင် ဒေါ်လာ ၂၀၈ ဒသမ ၇ သန်းရရှိခဲ့သည်။ သတင်းစာ ထုတ်လုပ်မှုလုပ်ငန်းမှ ဝင်ငွေသည် လွန်ခဲ့သည့်နှစ်တွင် ၇ ရာခိုင်နှုန်းအထိ ကျဆင်းခဲ့ပြီး စီးပွားရေး မြင့်မားမှု နှေးကွေးလာပြီး အင်တာနက်မှ ကြော်ငြာထည့်သွင်းမှု များပြားလာမှုကြောင့် တိုင်းမ်ကုမ္ပဏီအနေဖြင့် ၄ ဒသမ ၇ ရာခိုင်နှုန်းအထိ ကျဆင်းကာ အထိနာခဲ့သည်။ ၂၀၀၈ ခုနှစ်တွင်လည်း သတင်းစာထုတ်လုပ်မှု ဆိုးရွားလာနိုင်သည်ဟု ထုတ်လုပ်ရေးအမှုဆောင်များက ခန့်မှန်းထားသည်။

အမ်အင်အေ၊ ဆင်ဟွာ။

မနီလာမြို့တွင် ကန့်ကွက်ဆန္ဒပြ

မနီလာ ဖေဖော်ဝါရီ ၁၆

ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့တွင် ထောင်ပေါင်းများစွာသော ကန့်ကွက်ဆန္ဒပြသူများက လာဘ်ပေး လာဘ်ယူကိစ္စများနှင့် ပတ်သက်၍ သမ္မတအား နုတ်ထွက်ပေးရန် သောကြာနေ့က ကြွေးကြော်တောင်းဆိုကြကြောင်း ရိုက်တာသတင်းတစ်ရပ်တွင် ဖော်ပြထားသည်။

လက်ဝဲနိုင်ငံရေး သမားများ၊ ကျောင်းသူ၊ ကျောင်းသားများနှင့် ဘာသာရေးအုပ်စုများ အပါအဝင် ဖိလစ်ပိုင်ပြည်သူ ၁၀၀၀၀ ခန့် စုရုံးဆန္ဒပြခဲ့ကြခြင်း ဖြစ်သည်ဟု ရဲတပ်ဖွဲ့က ပြောကြားသည်။

ဆက်သွယ်ရေးဌာနပေါင်းစုံ စီမံကိန်းတွင် လာဘ်ပေးလာဘ်ယူမှု ရှိခဲ့သည်ဟု ဆိုကာ ဖိလစ်ပိုင် အထက်လွှတ်တော်က စုံစမ်းမှု ပြုလုပ်ပြီးနောက် ယခုကဲ့သို့ ကန့်ကွက်ဆန္ဒပြခဲ့ကြခြင်း ဖြစ်သည်။

အမ်အင်အေ၊ ရိုက်တာ။

လန်ဒန်မြို့တစ်ဝိုက်တွင် မူးယစ်ဆေးဝါးရှာဖွေဖမ်းဆီး

လန်ဒန် ဖေဖော်ဝါရီ ၁၆

လန်ဒန်ရဲတပ်ဖွဲ့က မူးယစ်ဆေးဝါး ရောင်းဝယ်ဖောက်ကားမှု နှိမ်နင်းရန် ရည်ရွယ်ချက်ဖြင့် လန်ဒန်မြို့တော် တစ်ဝိုက်ရှိ နေရာအများအပြားသို့ ဗုဒ္ဓဟူးနေ့ နံနက်စောစောပိုင်းက စီးနင်းရှာဖွေခဲ့ပြီး လူ ၂၂ ဦးကို ဖမ်းဆီးခဲ့ကြောင်း ဆင်ဟွာသတင်းတစ်ရပ်တွင် ဖော်ပြထားသည်။

ယင်းသို့ စီးနင်းရှာဖွေမှုများ ပြုလုပ်ခဲ့စဉ်အတွင်း ရဲတပ်ဖွဲ့မှ အရာရှိ ၅၀၀ ခန့် ပါဝင်ပြီး နေအိမ် ၃၀ နှင့် စီးပွားရေးလုပ်ကိုင်ရာ နေရာများသို့ ဝင်ရောက်ရှာဖွေခဲ့ပြီး ကိုကင်း ၁၁၁ ကီလိုဖမ်းဆီးခဲ့သည်ဟု ကြေညာသည်။ လန်ဒန်မြို့ ဆာရေး၊ အက်ဆက်၊ ကင့်နှင့်ဟတ်ဖို့ရှိုင်းယား ဒေသတစ်ဝန်း ဝင်ရောက် ရှာဖွေခဲ့စဉ် ငွေသား အများအပြားနှင့် လက်နက်များကိုလည်း သိမ်းဆည်းရမိခဲ့သည်။

အမ်အင်အေ၊ ဆင်ဟွာ။

ဒါဖာပြဿနာဖြေရှင်းရေးတွင် အီဂျစ် ကူညီပံ့ပိုးလို

ကိုင်ရို ဖေဖော်ဝါရီ ၁၆

ဆူဒန်နိုင်ငံအနောက်ပိုင်း ဒါဖာဒေသပြဿနာ အလျင်အမြန်ဖြေရှင်းနိုင်မည့် နည်းလမ်းရှာဖွေရေးအတွက် မိမိတို့ နိုင်ငံက အာသီသပြင်းပြနေကြောင်းနှင့်ဆူဒန်တွင် လုံခြုံရေးနှင့်တည်ငြိမ်ရေးရရှိစေရန် လိုအပ်ကြောင်း အီဂျစ်နိုင်ငံခြားရေးဝန်ကြီး အာမက်အဘူဂိတ်က ကြာသပတေးနေ့တွင် ထုတ်ဖော်ပြောကြားလိုက်သည်။

ပြောကြား

အီဂျစ်က ကုလသမဂ္ဂနှင့် အာဖရိကသမဂ္ဂအပါအဝင် နိုင်ငံတကာနှင့် ဒေသဆိုင်ရာ ပါဝင်ပတ်သက်နေသည့် နိုင်ငံများ၊ အဖွဲ့များနှင့် ဆက်သွယ်မှုပြုလုပ်ခဲ့ပြီး ဆူဒန်နိုင်ငံတွင် ငြိမ်းချမ်းရေးနှင့်တည်ငြိမ်ရေး တည်ဆောက်ရန် နည်းလမ်း များ ရှာဖွေရေးကိစ္စများကို ဆူဒန်အတိုက်အခံ ပါတီခေါင်းဆောင် မိုဟာမက်အော့စမန် အယ်လ်မာဂန်နီနှင့် တွေ့ဆုံဆွေးနွေးခဲ့သည်ဟု အဘူဂိတ်က ပြောကြားသည်။

ဆူဒန်နိုင်ငံတွင် အမျိုးသားပြန်လည်ရင်ကြားစေ့ရေးညီလာခံ ကျင်းပရေးနှင့် ရွေးကောက်ပွဲ ကျင်းပရန် ပြင်ဆင်ထားမှုနှင့် ပါတီများအတွင်း တွေ့ဆုံညှိနှိုင်းမှုများ ပြုလုပ်ရန်အတွက် အတိုက်အခံပါတီ၏ အဆိုပြုချက်ကိုလည်း အဘူဂိတ်က အယ်လ်မာဂန်နီနှင့် ဆွေးနွေးခဲ့သည်။ ***အမ်အင်အေ၊ ဆင်ဟွာ။***

သမ္မတအိမ်တော် စိန်ပြောင်းဖြင့်တိုက်ခိုက်ခံရ ဆိုမာလီသမ္မတ အသက်ဘေးမှ လွတ်မြောက်

မိုဂါဒစ်ရှူး ဖေဖော်ဝါရီ ၁၇

ဆိုမာလီသမ္မတ အဗ္ဗဒူလာယီယူဆော့ဖ်သည် ဖေဖော်ဝါရီ ၁၆ရက်က မြို့တော်ရှိ သမ္မတအိမ်တော်၌ရှိနေစဉ် စိန်ပြောင်းဖြင့်တိုက်ခိုက်ခံရသော်လည်း မထိခိုက်ဘဲ လွတ်မြောက်ခဲ့ကြောင်း၊ ၎င်းသည် ပင်လယ်ရပ်ခြားခရီးမှ မိုဂါဒစ်ရှူးမြို့သို့ပြန်ရောက်ပြီး နာရီပိုင်းအတွင်း တိုက်ခိုက်ခံရခြင်း ဖြစ်ကြောင်း ၎င်း၏လက်ထောက်တစ်ဦးက ပြောကြားသည်။

လေးချက်ပစ်ခတ်

သမ္မတအိမ်တော်သို့ စိန်ပြောင်းလေးချက်ပစ်ခတ်ခဲ့ကြောင်း၊ သုံးချက်မှာ သမ္မတအိမ်တော် အပြင်ဘက်တွင် ကျရောက်ပြီး တစ်ချက်မှာ အိမ်တော်ဝင်းအတွင်းသို့ ကျရောက်ကြောင်း၊ တစ်ဦးတစ်ယောက်မျှ ထိခိုက်ခြင်းမရှိကြောင်း ၎င်းက ရိုက်တာသတင်းဌာနသို့ ပြောကြားသည်။

သမ္မတယူဆော့ဖ်သည် အိမ်တော်ဝင်းအတွင်း အစောင့်အရှောက်အများအပြား ချထားသည့်အချိန်၌ ပစ်ခတ်ခြင်းခံရကြောင်း၊ အစ္စလာမ္မစ်စစ်သွေးကြွများကို အစိုးရတပ်ဖွဲ့ကတိုက်ခိုက်နေခြင်းကြောင့် သမ္မတအား အဓိကပစ်မှတ်ထား တိုက်ခိုက်ခြင်းဖြစ်ကြောင်း ၎င်းက အတည်ပြုပြောကြားသည်။

ပြန်လည်ရောက်ရှိ

သမ္မတ ယူဆော့ဖ်သည် နိုင်ငံခြားတွင် ဆေးကုသပြီးနောက် ယင်းနေ့နံနက်ပိုင်းတွင် မိုဂါဒစ်ရှူးမြို့သို့ ပြန်လည်ရောက်ရှိလာသည်။ အသက် ၇၃နှစ်ရှိ သမ္မတယူဆော့ဖ်သည် အသည်းအစားထိုးကုသရန် ဆိုမာလီနိုင်ငံမှ ဇန်နဝါရီ ၄ရက်က ထွက်ခွာသွားသည်။

အမ်အင်အေ၊ရိုက်တာ။

ပါကစ္စတန်၌အသေခံပုံးခွဲမှု သေဆုံးသူ ၃၇ ဦးထိမြင့်တက်

အစ္စလာမ္မာဘတ် ဖေဖော်ဝါရီ ၁၇

ပါကစ္စတန်နိုင်ငံ အနောက်မြောက်ပိုင်းရှိ လူမျိုးနွယ်စုဒေသများတွင် အသေခံပုံးခွဲတိုက်ခိုက်မှုကြောင့် သေဆုံးရသူဦးရေမှာ ၃၇ ဦးထိ တိုးလာကြောင်း အရဏ်ဦး သတင်းဌာနက ဖော်ပြသည်။

ပါရာချီနာဒေသရှိ ကာရမ်လူမျိုးစုအဖွဲ့၏ရွေးကောက်ပွဲဝင် ကိုယ်စားလှယ်လောင်း၏ ရုံးခန်းအနီး၌ ဖေဖော်ဝါရီ ၁၆ ရက်က ဗုံးပေါက်ကွဲမှုဖြစ်ပွားခဲ့ကြောင်း၊ ၎င်းပေါက်ကွဲမှုကြောင့် ၃၇ ဦးသေဆုံးပြီး ဒါဇင်ကျော်ဒဏ်ရာရရှိကြောင်း ၎င်းသတင်းဌာနက ထည့်သွင်းဖော်ပြသည်။

ကာရမ်လူမျိုးစုအဖွဲ့၏ ကိုယ်စားလှယ်ဖြစ်သူ မာဟီးရယ်ပြောကြားချက်အရ တစ်သီးပုဂ္ဂလ ဝင်ရောက်ယှဉ်ပြိုင်သူ ရစ်ယူဆန်းရှား၏ ရုံးခန်းအပြင်ဘက် ရပ်ထားသည့် ကားတစ်စီးအတွင်းမှ ဗုံးပေါက်ကွဲခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ ပေါက်ကွဲမှု ဖြစ်ပွားချိန်၌ ၎င်းသည် ရုံးခန်းအတွင်း ရွေးကောက်ပွဲအစည်းအဝေး ပြုလုပ်နေသည်။

နိုင်ငံအတွင်း ဖေဖော်ဝါရီ ၁၈ ရက်၌ အထွေထွေရွေးကောက်ပွဲကြီးကို အေးချမ်းစွာနှင့် မှန်မှန်ကန်ကန်ဖြစ်စေရန် ကြိုတင်ပြင်ဆင်ထားမှုများအားလုံးကို သေချာအောင် ပြုလုပ်ထားပြီးဖြစ်ကြောင်း၊ ပါကစ္စတန် ရွေးကောက်ပွဲကော်မရှင် (အီးစီပီ) အတွင်းရေးမှူးက ပြောကြားသည်။

ရွေးကောက်ပွဲကို အေးချမ်းစွာကျင်းပနိုင်ရန် စစ်ဘက်တပ်ဖွဲ့ဝင် ၈၁၀၀၀ ခန့်နှင့် ရဲတပ်ဖွဲ့ဝင် ၄၀၀၀၀၀ တို့အား ဖြန့်ကြက်ချထားမည်ဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ။

ဩစတြေးလျဝန်ကြီးချုပ် အရှေ့တီမောသို့ သွားရောက်လည်ပတ်

ဒီလီ ဖေဖော်ဝါရီ ၁၆

တီမောလက်စ်လေခေါင်းဆောင်ကို လုပ်ကြံရန်ကြိုးစားမှု ဖြစ်ပွားပြီးနောက် သွေးစည်းညီညွတ်ကြောင်းပြသရန်အတွက် ဩစတြေးလျဝန်ကြီးချုပ် ကီဗင်ရဒ်သည် သောကြာနေ့က ဒီလီမြို့တော်သို့ ရုတ်တရက် သွားရောက်လည်ပတ်ခဲ့သည်။

ဩစတြေးလျဆေးရုံတွင် ကုသပြီး သေနတ်ဒဏ်ရာမှပြန်လည်ကောင်းမွန်လာသော သမ္မတဟိုဆေးရာမို့စ်ဟော်တာနှင့်အတူ ရဒ်သည် တီမောလက်စ်လေဝန်ကြီးချုပ် ဇာနာနာဂစ်မအိုကို သွားရောက်တွေ့ဆုံနှုတ်ဆက်ခဲ့သည်။ ထို့နောက် ကုလသမဂ္ဂနှင့် ဩစတြေးလျတပ်ဖွဲ့များမှ အကြီးအကဲများကို တွေ့ဆုံခဲ့သည်။ ဒီလီမြို့တွင် လုံခြုံရေးတင်းကျပ်စွာချထားသည်။

ဩစတြေးလျတပ်သား ၈၀၀ ပါဝင်သော တီမောလက်စ်လေနှင့် နိုင်ငံတကာတပ်ဖွဲ့များကို အားဖြည့်ရန်အတွက် ဩစတြေးလျသည် လျှပ်တစ်ပြက်ချီတပ်ဖွဲ့နှင့် ရဲအဖွဲ့မှ အင်အား ၂၀၀ ကျော်ကို စေလွှတ်ခဲ့သည်။

အရှေ့တီမောအစိုးရကို ကာကွယ်သွားမှာ ဖြစ်ကြောင်း ရှင်းရှင်းလင်းလင်း ထုတ်ဖော်ပြသရန်မှာ ယခုခရီးစဉ်၏ ရည်ရွယ်ချက်ဖြစ်ကြောင်း ဝန်ကြီးချုပ်က သတင်းစာရှင်းလင်းပွဲတွင်ပြောကြားသွားသည်။

အမ်အင်အေ၊ရိုက်တာ။

ဘုရှ်၏တန်ဇန်းနီးယားခရီးစဉ်ကို ကန့်ကွက်ဆန္ဒပြ

ဒါရက်ဆလန် ဖေဖော်ဝါရီ ၁၇

တန်ဇန်းနီးယားနိုင်ငံသို့ အမေရိကန်သမ္မတ ဂျော့ဘုရှ် လာရောက်လည်ပတ်ခြင်းကိုကန့်ကွက်သောအားဖြင့်သောကြာနေ့က ပြည်သူ ၂၀၀၀ခန့်သည် မြို့တော်တစ်လျှောက် ချီတက်ဆန္ဒပြကြပြီး အမေရိကန်အလံများကို မီးရှို့ကြသည်။

ဆန္ဒပြသူများသည် မြို့တော်ဗဟိုမှ မြောက်ဘက်ဆင်ခြေဖုံးရှိ အမေရိကန်သံရုံးထိချီတက်ကြပြီး ဘုရှ်သည် ရေနံခိုးသူဖြစ်သည်ဟုလည်းကောင်း၊မကောင်းမှု သည် နိုင်ငံခြားရေး ပေါ်လစီတစ်ခု မဟုတ်ကြောင်း အော်ဟစ်ကြသည်။

ရဲတပ်ဖွဲ့ကဆန္ဒပြသူများကိုကွင်းပြင်တစ်ခုအတွင်းသို့ လမ်းကြောင်းပြောင်းပေးသည်။ ၎င်းတို့က ဘုရှ်ကို ကြိုဆိုသောအားဖြင့် စိုက်ထူထားသော အမေရိကန်အလံများကို မီးရှို့ကြသည်။ ဆန္ဒပြသူများသည် ဘုရှ်ကို အကြမ်းဖက်သမားတစ်ဦးဖြစ်ကြောင်း အော်ဟစ်ကြသည်။

စည်းရုံးခေါင်းဆောင်သူ တစ်ဦးက ၎င်းတို့သည် ဘုရှ်လာရောက်လည်ပတ်ခြင်းကို ကန့်ကွက်ဆန္ဒပြခြင်းဖြင့် ကြိုဆိုကြောင်း ရိုက်တာသတင်းဌာနသို့ ပြောကြားသည်။ ***အမ်အင်အေ၊ရိုက်တာ။***

အမေရိကန်သမ္မတဘုရှ် တန်ဇန်းနီးယားသို့ လာရောက်မည့်အစီအစဉ်ကို ကန့်ကွက်ဆန္ဒပြကြစဉ်။
(အင်တာနက်)

ဗီယက်နမ်၌ အဝေးပြေးဘတ်စ်ကား ခေါင်းချင်းဆိုင်တိုက် လူသုံးဦးသေဆုံး၊ ၁၄ ဦး ဒဏ်ရာရ

ဟန္နိုင်း ဖေဖော်ဝါရီ ၁၆

ဗီယက်နမ်နိုင်ငံ အလယ်ပိုင်း သူရာသိန်းဟူပြည်နယ်တွင် အဝေးပြေးဘတ်စ်ကားနှစ်စီး ခေါင်းချင်းဆိုင် ပြင်းထန်စွာတိုက်မိရာ သုံးဦးသေဆုံးပြီး ၁၄ ဦး ဒဏ်ရာပြင်းထန်စွာရရှိကြောင်း သောကြာနေ့ထုတ် ယောင်းပီးပဲလ်သတင်းစာတွင် ရေးသားဖော်ပြသည်။

ဖုန်ဒင်ခရိုင်တွင် ဖေဖော်ဝါရီ ၁၄ ရက်က မတော်တဆမှုဖြစ်ပွားရာ ခရီးသည်နှစ်ဦး ချက်ချင်းသေဆုံးပြီး အခြားခရီးသည်တစ်ဦးမှာ ဆေးရုံတွင် သေဆုံးခဲ့သည်။

ယာဉ်တိုက်မှုဖြစ်ပွားပြီးနောက် အဝေးပြေးဘတ်စ်ကားယာဉ်မောင်းသည် ဟာတင်ချ်ပြည်နယ် အလယ်ပိုင်းရှိ လမ်းကြောင်းမှ ဟိုချီမင်းမြို့တောင်ပိုင်းသို့ ထွက်ပြေးတိမ်းရှောင်သွားသည်။

လွန်ခဲ့သည့်နှစ်က ဗီယက်နမ်နိုင်ငံတွင် ယာဉ်မတော်တဆဖြစ်ပွားမှု စုစုပေါင်း ၁၄၆၂၄ ကြိမ်ရှိဖြစ်ပွားခဲ့ပြီး လူ ၁၃၁၅၀ သေဆုံးကာ ၁၀၅၄၆ ဦး ဒဏ်ရာရရှိကြောင်း၊ ၂၀၀၆ ခုနှစ်တွင် ယာဉ်တိုက်မှု ၁၄၇၀၁မှု၊ သေဆုံးသူ ၁၂၇၃၉ ဦးနှင့် ဒဏ်ရာရသူ ၉၈၀၆ဦးရှိကြောင်း ရဲဌာနက ဖော်ပြထားသည်။

အမ်အင်အေ၊ဆင်ဟွာ။

အာဖဂန်နစ္စတန်၌ အအေးလွန်ကဲခြင်းကြောင့် လူ ၉၀၀ကျော်သေဆုံး

ကဘူးလ် ဖေဖော်ဝါရီ ၁၇

အာဖဂန်နစ္စတန်နိုင်ငံတွင် လွန်ခဲ့သည့် ရက်သတ္တခြောက်ပတ်ကျော်က အအေးလွန်ကဲခြင်းနှင့် ဆီးနှင်းများ ကျဆင်းခြင်းတို့ကြောင့် လူ ၉၀၀ ကျော် သေဆုံးရကြောင်း အစိုးရအာဏာပိုင်များက စနေနေ့တွင် ပြောကြားသည်။

အာဏာပိုင်များက ဖေဖော်ဝါရီ ၁၆ရက်အထိ ဖော်ပြချက်အရ အမျိုးသမီးနှင့် ကလေးများအပါအဝင် သေဆုံးသူ ၉၂၆ဦးရှိပြီး အခြား ၂၃၁ဦးမှာ အအေးလွန်ကဲမှုဒဏ်ကို ခံစားနေရကြောင်း သဘာဝဘေးအန္တရာယ် ကာကွယ်ရေးဌာနမှ ဆင်ဟွာသတင်းဌာနသို့ ပြောကြားသည်။

ဟီရတ်ပြည်နယ် အနောက်ပိုင်းတွင် အအေးဒဏ်ပို၍ ကြုံတွေ့ခံစားနေရသည်။

အလယ်ပိုင်းအာရှ နိုင်ငံတွင် အအေးဒဏ်ကြောင့် ကျွဲ၊ နွား၊ တိရစ္ဆာန် ၃၁၆၀၅၅ ကောင် သေဆုံးခဲ့ရသည်။

အအေးလှိုင်းနှင့် ဆီးနှင်းကျဆင်းမှုသည် ဇန်နဝါရီလ စောစောပိုင်းမှ စတင်ခဲ့ပြီး နိုင်ငံ၏ အဓိကဒေသများတွင် ဆက်လက်ကျဆင်းလျက်ရှိသည်။

နိုင်ငံတွင်းရှိ အသက်ကြီးသူများ၏ ပြောကြားချက်အရ နှစ်ပေါင်း ၂၀ ကျော်အတွင်း ယခုကဲ့သို့ ရာသီဥတုဆိုးရွားမှုကို မကြုံတွေ့ဖူးကြောင်း ပြောကြားသည်။

နိုင်ငံတကာ အဖွဲ့အစည်းများ အကူအညီဖြင့် အာဖဂန်အစိုးရသည် သဘာဝ ဘေးဒဏ်နှင့် ကြုံတွေ့နေရသောဒေသများသို့ အကူအညီပစ္စည်း အမေရိကန် ဒေါ်လာတစ်သန်းခန့် ဝေငှပေးခဲ့သည်။

အမ်အင်အေ၊ဆင်ဟွာ။

အရှေ့အလယ်ပိုင်းတွင် ငလျင်လှုပ်

ဘေရွတ် ဖေဖော်ဝါရီ ၁၇

အရှေ့အလယ်ပိုင်းဒေသတွင် ငလျင်တစ်ခုလှုပ်ခတ်သွားခဲ့ရာ လက်ဘနွန်တောင်ပိုင်း၌ အဆောက်အအုံများ ပြိုကျပြီး သုံးဦးဒဏ်ရာရရှိသွားသည်။

အမေရိကန် ဘူမိဗေဒလေ့လာရေး ဝက်ဆိုက်အရ လက်ဘနွန်ကမ်းခြေတိုင်ယာမြို့ အရှေ့မြောက်ဘက် ၁၅ ကီလိုမီတာအကွာကို ဗဟိုပြု၍ ငလျင်ပြင်းအား ၅ ဒသမ ၀ ရှိငလျင်လှုပ်သွားကြောင်း ဖော်ပြသည်။

လက်ဘနွန်၊ အစ္စရေး၊ ပါလက်စတိုင်းနယ်မြေများနှင့် ဆီးရီးယားမြို့တော် ဒမတ်စကတ်တို့တွင် ငလျင်သက်ရောက်ခဲ့သည်။

တိုင်ယာမြို့တွင် လက်ဘနွန်လူမျိုးတစ်ဦး၊ ပါလက်စတိုင်း နှစ်ဦးတို့အပေါ်သို့ လသာဆောင်ပြိုကျသည့်အတွက် ဒဏ်ရာရရှိသွားကြသည်ဟု လက်ဘနွန်အမျိုးသားသတင်းဌာနက ပြောကြားသည်။ ***အမ်အင်အေ၊ရိုက်တာ။***

ဆီးရီးယားက အမေရိကန်ကို ပြန်လည်အရေးယူမည်

ဒမတ်စကတ် ဖေဖော်ဝါရီ ၁၅

အမေရိကန်အစိုးရက ဆီးရီးယားထိပ်တန်းအရာရှိများအား ဘဏ္ဍာရေးဆိုင်ရာ အရေးယူခြင်းအပေါ် ပြန်လည်တုံ့ပြန်သွားမည်ဖြစ်ကြောင်း ဆီးရီးယားနိုင်ငံခြားရေးဝန်ကြီး ဝါလစ်အယ်လ်မူလင်က ကြာသပတေးနေ့တွင် ပြောကြားသည်။

မူလင်က အီရန်နိုင်ငံခြားရေးဝန်ကြီးနှင့် ပူးတွဲကျင်းပသော သတင်းစာရှင်းလင်းပွဲတွင် အမေရိကန်တို့က ဆီးရီးယားအပေါ် အရေးယူပိတ်ဆို့မှုများ ပြုလုပ်ခြင်းသည် ယခုအကြိမ်သည် ပထမအကြိမ်မဟုတ်ကြောင်း၊ ယခုအကြိမ်တွင် ဆီးရီးယားနိုင်ငံကလည်း အမေရိကန်တို့ကို ပြန်လည်အရေးယူပိတ်ဆို့မှုတွေ လုပ်မှာဖြစ်ကြောင်း ပြောကြားသည်။

အရေးယူမည့် အစီအစဉ် အသေးစိတ်ကိုမူ နိုင်ငံခြားရေးဝန်ကြီးက ပြောကြားသွားခြင်းမရှိပေ။

အမေရိကန်သမ္မတ ဂျော့ဘုရှ်က ဆီးရီးယား အရာရှိများနှင့် ၎င်းတို့မိတ်ဆွေများ၏ အမေရိကန်ရှိ ပိုင်ဆိုင်မှုများကို ထိန်းချုပ်သွားမည့် နည်းလမ်းများအား ဗုဒ္ဓဟူးနေ့က ကြေညာခဲ့သည်။

အမ်အင်အေ၊ဆင်ဟွာ။

ပျောက်ဆုံးနေသည့် လူစွန့်စားစတီဖော့ဆက် ကွယ်လွန်သွားပြီဖြစ်ကြောင်း တရားဝင်ကြေညာ

ချီကာဂို ဖေဖော်ဝါရီ ၁၇

ပျောက်ဆုံးနေသော စွန့်စားသွားလာသူ သန်းကြွယ်သူဌေး စတီဖော့ဆက် (၆၃)နှစ်သည် ကွယ်လွန်သွားပြီဖြစ်ကြောင်း ချီကာဂိုတရားရုံးတစ်ရုံးက သောကြာနေ့တွင် တရားဝင်ကြေညာလိုက်သည်။ ၎င်းသည် လွန်ခဲ့သော ငါးလခန့်က လေယာဉ်ငယ်တစ်စင်းဖြင့်မောင်းနှင်ပျံသန်းသွားစဉ် နီဗားဒါးသဲကန္တာရပေါ်၌ ပျောက်ဆုံးသွားခဲ့သည်။

ပျက်ဆီးသွား

၎င်း၏ဇနီးဖြစ်သူ ပဂ္ဂီဖော့ဆက်က ချီကာဂိုမြို့ ကုတ်ကောင်တီ နယ်လှည့်တရားရုံးသို့ သေဆုံးကြောင်း ကြေညာပေးရန် နိုဝင်ဘာလက တောင်းဆိုခဲ့သည်။ စုံစမ်းစစ်ဆေးသူများက ဖော့ဆက်၏ လေယာဉ်ပျံသည် မတော်တဆ ပျက်စီးသွားကြောင်း အတည်ပြုသည်။ ***အမ်အင်အေ၊ရိုက်တာ။***

တာဝန်ကိုယ်စီ ကျေပွန်ပါမှ

အေးချမ်း

သက်ရှိတိုင်းတွင် တာဝန်အသီးသီးရှိကြသည်။ မိမိတို့၏ စားဝတ်နေရေး မိသားစုတာဝန်အပြင် မိမိနေထိုင် ကျင်လည်ကျက်စားရာ ပတ်ဝန်းကျင်အဖွဲ့အစည်းအတွက်ပါ ဆောင်ရွက်ပေးရမည့် တာဝန်များ ရှိပေသည်။ ပျားသည် မိမိဘဝရှင်သန်ရေးအတွက် ပန်းဝတ်ရည်ကို သောက်သုံးရသကဲ့သို့ မိမိပတ်ဝန်းကျင်အတွက် ပျားအုံ တည်ဆောက်ခြင်းပြုကာ ပျားရည်များ စုစည်းသိုလှောင်ခြင်း၊ ဝတ်မှုန်ကူးပေးရခြင်းတို့ကိုပါ လုပ်ဆောင်ရသည်။ ထို့အတူ ကျွဲ၊ နွားများသည်လည်း မိမိဘဝရှင်သန်ရေးသာမက လယ်ယာထွန်ယက်ခြင်း၊ သစ်ဝါးဆွဲခြင်း၊ သယ်ယူပို့ဆောင်ခြင်း တာဝန်များကို ထမ်းဆောင်ရသည်။ သက်ရှိအားလုံးတွင် လူ့ဘောင်လောက၏ အသီးသီးတာဝန်ရှိခြင်းသည် ပိုမိုအရေးပါ ကျယ်ပြန့်လှပေသည်။

လူများသည် မိမိအကျိုးကိုသာ ဆောင်ရွက်၍မရပါ။ မိမိနှင့်ဆက်စပ်နေသော လူ့လောကအတွက် အများအကျိုးကိုပါ လုပ်ဆောင်ကြရသည်။ ၎င်းမှတစ်ဆင့် နိုင်ငံနှင့်လူမျိုး အကျိုးကိုပါ သယ်ပိုးရန်တာဝန်ရှိသည်။ နေရာအသီးသီး၊ အလွှာအသီးသီး၊ အဆင့်အတန်းအသီးသီး၊ အသက်အရွယ်အမျိုးမျိုးသော လူသားတိုင်းတွင် တာဝန်ကိုယ်စီရှိကြသည်။ တာဝန်ကျေပွန်ကြသော လူများ၏ လူ့ဘောင်အဖွဲ့အစည်းသာလျှင် စည်းကမ်းတကျနှင့် ဖွံ့ဖြိုးတိုးတက်နိုင်ပြီး တာဝန်မကျေပွန်ကြပါက စည်းပျက်ကမ်းပျက်၊ ဖရိုဖရဲ၊ စနစ်တကျမရှိဘဲ ဆုံးရှုံးမှု၊ ဆုတ်ယုတ်မှုများကိုသာ ရင်ဆိုင်ရလိမ့်မည်ဖြစ်သည်။

လူ့လောကတွင် တစ်ဦးချင်းလုပ်ရမည့်တာဝန်၊ မိမိ၏ မိသားစုအတွက် တာဝန်၊ မိမိအဖွဲ့အစည်း၊ နေရာဒေသအတွက် တာဝန်၊ မိမိလုပ်ငန်းဌာနအတွက် တာဝန်၊ နိုင်ငံ့တာဝန် စသည်ဖြင့် တာဝန်များမှာ ကျယ်ပြန့်လှပါသည်။ ကျောင်းသားလည်း ကျောင်းသားအလျောက်၊ ဆိုက်ကားသမားလည်း ဆိုက်ကားသမားအလျောက်၊ ဈေးသည်ကလည်း ဈေးသည်အလျောက်၊ ကျောင်းဆရာလည်း ကျောင်းဆရာအလျောက်၊ ဆရာဝန်ကလည်း ဆရာဝန်အလျောက်၊ ဝန်ထမ်းကလည်း ဝန်ထမ်းအလျောက် မိမိတို့ဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်များကို ကျေပွန်စွာ ထမ်းဆောင်ကြရန် လိုအပ်ပါသည်။ ပြည်သူတစ်ရပ်လုံးက တက်ညီလက်ညီဖြင့် ကိုယ်စီတာဝန် ကျေပွန်ကြမှသာ မိမိတို့မျှော်မှန်းသည့် စည်းကမ်းပြည့်ဝပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်သို့ လျင်မြန်စွာ ရောက်ရှိနိုင်မည်ဖြစ်သည်။ သို့မဟုတ်ပါက အောင်မြင်ရန် အချိန်ကြန့်ကြာပြီး ရေရှည်ထိန်းသိမ်းစောင့်ရှောက်ရန်လည်း ခက်ခဲမည်သာဖြစ်သည်။

တာဝန်ကို ကျေပွန်စွာ ထမ်းဆောင်ခြင်းဟုဆိုရာတွင် ခံယူနားလည်သဘောပေါက်ကြသည့် အနေအထားအရ အမျိုးမျိုးကွဲပြားခြားနားသည်ကို တွေ့ရပါသည်။ တချို့က တာဝန်ကျေဟုလည်းကောင်း၊ တချို့ကလည်း ဝတ်ကျေတန်းကျေဟု လည်းကောင်း နားလည်ခံယူကြသည်။ တချို့ကျပြန်တော့လည်း မလုပ် မရှုပ် မပြုတ်၊ ရေလိုက် ငါးလိုက်ကို တာဝန်ကျေဟု မှတ်ယူကြပြန်သည်။ အမှန်တကယ်မူ တာဝန်ကိုကျေပွန်စွာထမ်းဆောင်ခြင်းသည် ထိုမျှမက အဆပေါင်းများစွာ နက်နဲကျယ်ဝန်းပြီး အနှစ်သာရလည်း ပိုမိုရှိပေသည်။

ဝန်ထမ်းတစ်ယောက် ရုံးချိန် ပုံမှန်လာပြီး ရှိတဲ့အလုပ်ကလေး လုပ်သွားတာ တာဝန်ကျေပါသလား။ အထက်က ခိုင်းတာလေးလုပ်ရုံနဲ့ တာဝန်ကျေပွန်ပါသလား၊ ထို့အတူ သာမန်ပြည်သူတစ်ယောက်သည်လည်း မိမိမိသားစု စားဝတ်နေရေး အဆင်ပြေအောင် လှုပ်ရှားရုန်းကန်နေရတာ တာဝန်ကျေပွန်ပါပြီလား၊ ဒါတွေကို တာဝန်ကျေပွန်သည်ဟု မဆိုချင်ပါ။ ဝတ်ကျေတန်းကျေ၊ တာဝန်ကျေဟုဆိုလျှင်တော့ ရနိုင်ပါသည်။ တစ်နည်းဖြေရလျှင် မိမိရရှိသည့်လစာ၊ အဖိုးအခ၊ တန်ရာတန်ကြေးကျေအောင် လုပ်သည့်အဆင့်သာ ရှိပါလိမ့်မည်။ အရာရာကို စေတနာထားပြီး ထိုးထွင်းတီထွင်ကြံဆ၍ ဆန်းသစ်အောင်ကြိုးစားဆောင်ရွက်ခြင်း၊ မိမိပတ်ဝန်းကျင်၊ ပြည်သူလူထုနှင့် နိုင်ငံတော်အကျိုးကိုပါ မျှော်ကိုး၍ အနစ်နာခံဆောင်ရွက်ခြင်း စသည်တို့ပါ ပေါင်းစပ်ပြီး ပိုမိုထိရောက်အောင်မြင်အောင် ဆောင်ရွက်နိုင်မှသာ တာဝန်ကို ကျေပွန်စွာထမ်းဆောင်ရာ ရောက်ပေလိမ့်မည်။

အချို့ကိစ္စများတွင် မိမိနှင့်မဆိုင်ဟု ထင်မှတ်ပြီး မသိကျိုးကျွန်ပြု၍ မနေသင့်ပါ။ မဖြစ်သင့်တာ၊ မလုပ်သင့်တာ၊ မှားနေတာ၊ အမြင်မတော်တာ တွေ့ပါက ချက်ချင်းပြုပြင်ပေးသင့်ပါသည်။ ဤသို့ ပြုပြင်ပေးရန်မှာ အကြီးအကဲ၊ လုပ်ဖော်ကိုင်ဖက်၊ မိတ်ဆွေ၊ အပေါင်းအသင်း၊ ပြည်သူတစ်ယောက်အနေနှင့် တာဝန်ရှိပေသည်။ ထိုသို့ပြုပြင်ပြောဆို ထောက်ပြမှုကို ခံရသူက ကျေနပ်ချင်မှ ကျေနပ်လိမ့်မည်။ မုန်းချင်လည်းမုန်းလိမ့်မည်။ ဒါကိုစိုးရိမ်၍ရှောင်လွှဲပြီး မသိချင်ယောင်၊ မမြင်ချင်ယောင်ဆောင်နေပါက ထိုသို့မဟုတ်တာလုပ်နေသူသည် သူလုပ်တာကို အဟုတ်ကြီးထင်ကာ ဆက်လုပ်နေလိမ့်မည်။ မဖြစ်သင့်တာတွေဖြစ်ပြီး အကျိုးမရှိနစ်နာဆုံးရှုံးမှုများကို ရင်ဆိုင်ကြရလိမ့်မည်။ ထို့ကြောင့် အချင်းချင်း မဖြစ်သင့်တာ မဖြစ်အောင်၊ မလုပ်သင့်တာ မလုပ်အောင်၊ မမှားသင့်တာ မမှားအောင် ထောက်ပြအကြံပြုပြောဆိုခြင်းမှာ လူတိုင်းလူတိုင်းက လုပ်ဆောင်သင့်သည့် တာဝန်တစ်ရပ်ဖြစ်ပါသည်။

ဥပမာဆိုပါစို့၊ နေရာဒေသဌာနအလိုက် သန့်ရှင်းသာယာလှပမှုနှင့် စနစ်ကျနမှုအတွက် စည်းကမ်းကန့်သတ်ချက်များရှိပါသည်။ ကွမ်းတံတွေးမထွေးရ၊ ဆေးလိပ်မသောက်ရ၊ အမှိုက်မပစ်ရ၊ မြက်ခင်းပေါ်လမ်းမလျှောက်ရ၊ ပန်းမခူးရ စသည်ဖြင့် တွေ့ရပေမည်။ သို့သော် ၎င်းနေရာတွင် တစ်စုံတစ်ယောက်က မလိုက်နာဘဲ ဖောက်ဖျက်ကျူးလွန်ခဲ့ပါလျှင် မြင်တွေ့သော အခြားတစ်ယောက်က ထောက်ပြပြုပြင်ပေးသင့်သည်။ တစ်စုံတစ်ဦး၏ စည်းကမ်းမလိုက်နာသော အပြုအမူကြောင့် မိမိတို့အားလုံး၏ သန့်ရှင်းသာယာလှပမှုနှင့် စနစ်တကျရှိမှုကို ထိခိုက်ပျက်စီးဆုံးရှုံးသွားနိုင်သည်။ ဖောက်ဖျက်ကျူးလွန်မိသူကလည်း မိမိအားအမှန်ကို သိမြင်အောင် ထောက်ပြပြောဆိုခြင်းကို ကျေနပ်စွာလက်ခံပြီး သိရှိနားလည်ကာ ပြုပြင်သွားသင့်သည်။

ယနေ့ပြောဆိုနေကြသော စကားတစ်ခွန်းရှိသည်။ အများမိုးခါးရေသောက်လျှင် ကိုယ်လည်း မိုးခါးရေ သောက်ရမည်တဲ့။ ထိုစကားသည် ကောင်းကျိုးထက် ဆိုးကျိုးကို ဦးတည်တိုက်တွန်းသကဲ့သို့ ဖြစ်နေသည်။ အများသောက်တိုင်း မသောက်သင့်ပါ။ ဖြစ်နိုင်လျှင် အများကိုပါ မသောက်အောင် တားမြစ်သင့်သည်။ စည်းပျက်ကမ်းပျက် ဖြစ်နေသူတစ်ယောက်ကို ဝိုင်းဝန်းပြုပြင်ပြီး လမ်းမှန်ရောက်အောင် လက်တွဲခေါ်ဆောင်ရမည့်အစား သူလုပ်သလို ကိုယ်လိုက်လုပ်ပါက ကိုယ်လည်း အကျင့်ပျက်၊ စည်းကမ်းပျက်ပင် ဖြစ်ပေမည်။ ဒီလိုပဲ သူများမိုးခါးရေသောက်လို့ ကိုယ်လည်းမိုးခါးရေ သောက်ရသူတွေများလာရင် နိုင်ငံတော်အတွက် အကျိုးမရှိရုံသာမက အန္တရာယ်ပင်ရှိနိုင်သည်ကို သတိထားဆင်ခြင်သင့်ကြသည်။

သို့သော် ထိုသို့ပြုမူဆောင်ရွက်ရန်မှာ မလွယ်ကူနိုင်ပါ။ အများအကျိုး လုပ်ဆောင်ရခြင်းဖြစ်၍ မလိုတမာဖြင့် ထိုးနှက်လာသည်များကို ခံနိုင်ရည်ရှိရပါမည်။ ပင်ပန်းဆင်းရဲမှုရှိနိုင်ပါသည်။ နစ်နာဆုံးရှုံးမှု ရှိနိုင်ပါသည်။ မိမိက လုပ်သင့်တာကို လုပ်လိုက်တာမှန်သော်လည်း အများက ကိုတိကျကြီး၊ ကိုလူမှန်ကြီး စသည်ဖြင့် ထိကြ၊ ရိကြ၊ ကဲ့ရဲ့ကြပါလိမ့်မည်။ ဒါတွေကို စိုးရိမ်ကြောက်ရွံ့ပြီး မိမိလုပ်သင့်၊ ပြောသင့်တာကို မလုပ်မိ၊ မပြောမိပါက အကျိုးမရှိနိုင်တော့ပါ။ လုပ်သင့်တာကို တာဝန်သိသိ၊ သစ္စာရှိရှိဖြင့်လုပ်ရန် တိုက်တွန်းလိုပါသည်။

ယနေ့ခေတ်သည် အချိန်နှင့်အမျှ အဘက်ဘက်မှ လျင်မြန်စွာ ဖွံ့ဖြိုးတိုးတက်ပြောင်းလဲနေသော ကာလဖြစ်သည်။ လုပ်ငန်းတာဝန်များကို ယခင်အတိုင်း ပုံမှန်သမားရိုးကျလုပ်နေခြင်းထက် ခေတ်ကာလနှင့် လျော်ညီအောင် ပိုမိုဆန်းသစ်သွက်လက်ပြီး အနှစ်သာရရှိရှိ တိုးတက်ပြောင်းလဲလုပ်ဆောင်သင့်ကြသည်။ ဖြစ်သင့်တာ၊ လုပ်သင့်တာကို စဉ်းစားတွေးခေါ်ပြီး ထိုးထွင်းဉာဏ်ဖြင့် တီထွင်ကြံဆ လုပ်ဆောင်ကြမှသာ လက်ရှိအခြေအနေနှင့် ကိုက်ညီပြီး အသွင်းသဏ္ဌာန်ရော အနှစ်သာရပါ ခေတ်မီဖွံ့ဖြိုးတိုးတက်နိုင်မည်ဖြစ်သည်။

ထို့ကြောင့် အလုပ်တာဝန်တစ်ခုကို ဘက်ပေါင်းစုံမှ နက်နက်နဲနဲ စဉ်းစားတွေးခေါ် မြော်မြင်ပြီး အဘက်ဘက်က လိုလေသေးမရှိ ထောင့်စေ့အောင်၊ ပြီးပြည့်စုံအောင် လုပ်ဆောင်နိုင်မှသာ တာဝန်ကျေပွန်သည်ဟု ဆိုနိုင်လိမ့်မည်။ တစ်နည်းအားဖြင့် မိမိအား ပေးအပ်ထားသော တာဝန်ကို အခြားသူတစ်ယောက်က ဝင်ရောက်ဖြည့်စွက် ကူညီလုပ်ဆောင်ပေးရန် မလိုလောက်အောင် ပြီးပြည့်စုံစွာ တိတိကျကျ၊ မှန်မှန်ကန်ကန်၊ မြန်မြန်ဆန်ဆန် ဆောင်ရွက်နိုင်မှသာ တာဝန်ကျေပွန်ကြပေလိမ့်မည်။ ထိုသို့မဟုတ်ဘဲ ဒီလိုခိုင်းတာ၊ အရင်လည်း ဒီလိုလုပ်တာပဲ၊ ခုလည်း ဒီလိုပဲလုပ်မယ်၊ လိုရင်၊ မှားရင် တာဝန်ရှိတဲ့သူတွေ ပြင်ကြပေါ့၊ ငါတတ်နိုင်တာ ငါသိသလောက်ပဲလုပ်မယ်ဆိုသည့် အတွေးဖြင့် မပြည့်မစုံ၊ မတိမကျ၊ မရေမရာ၊ ငါ့လက်ကလွတ်ပြွတ်ဆိုသည့်သဘောဖြင့် လုပ်ပါက တာဝန်မကျေသည့်အပြင် သစ္စာစောင့်သိရာလည်း မရောက်ပေ။

ထို့ကြောင့် တိုင်းရင်းသား ပြည်သူလူထုတစ်ရပ်လုံးက တာဝန်ကို ကျေပွန်စွာ ထမ်းဆောင်ကြခြင်းဖြင့် မိမိတို့ တစ်ဦးချင်း အကျင့်စာရိတ္တ၊ အတွေးအခေါ်၊ အသိစိတ်၊ ယုံကြည်ချက်၊ ခံယူချက် စသည့် လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အညီ နိုင်ငံတော်အတွက်လည်း အောင်မြင်မှုအကျိုးတရားများဖြင့် သာယာလှပလာနိုင်မည်ဖြစ်၍ အားလုံး တာဝန်ကျေပွန်ကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

လူများသည် မိမိအကျိုးကိုသာ ဆောင်ရွက်၍မရပါ။ မိမိနှင့် ဆက်စပ်နေသော လူ့လောကအတွက် အများအကျိုးကိုပါ လုပ်ဆောင်ကြရသည်။ ၎င်းမှတစ်ဆင့် နိုင်ငံနှင့်လူမျိုး အကျိုးကိုပါ သယ်ပိုးရန်တာဝန်ရှိသည်။ နေရာအသီးသီး၊ အလွှာအသီးသီး၊ အဆင့်အတန်းအသီးသီး၊ အသက်အရွယ်အမျိုးမျိုးသော လူသားတိုင်းတွင် တာဝန်ကိုယ်စီရှိကြသည်။

ပန်းဘဲတန်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန နယ်လှည့်စာကြည့်တိုက်၊ နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲ၊ ဟောပြောပွဲနှင့် စာဖတ်ဝိုင်းဖွင့်ပွဲကို ဇန်နဝါရီ ၂၅ရက်က ကျင်းပရာ ပန်းဘဲတန်းမြို့နယ် (၁)ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသန်းလွင် ကျေးဇူးတင်စကား ပြောကြားစဉ်။

(မြို့နယ်ပြန်/ဆက်)

အကောက်ခွန်ဝန်ထမ်းဟောင်းများ သင်းလုံးကျွတ်အစည်းအဝေး ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၁၇

အကောက်ခွန် ဝန်ထမ်းဟောင်းများ အသင်း၏ (၂၃)ကြိမ်မြောက် နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေးကို ဖေဖော်ဝါရီ ၂၄ရက် (တနင်္ဂနွေနေ့) နံနက် ၈ နာရီတွင် ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် လမ်း ၅၀ ရှိ အကောက်ခွန်ဦးစီးဌာန သင်တန်းကျောင်းခန်းမ၌ ကျင်းပမည်ဖြစ်၍ အသင်းဝင်များအားလုံး မပျက်မကွက် တက်ရောက်ကြရန် ဖိတ်ကြားထားကြောင်း သိရှိရသည်။

(က-ပ)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၁၈-၂-၂၀၀၈ (တနင်္လာနေ့)

နံနက်ပိုင်း

၇:၀၀	၁။ မြဝတီအဖွင့်
၇:၀၅	၂။ အဖွင့်သီချင်း
၇:၁၀	၃။ မျိုးချစ်တပ်မတော်
၇:၂၀	၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀	၅။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၅	၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၀	၇။ သာယာသီကြွေးခေတ်ဆန်းတေး
၇:၅၅	၈။ အမျိုးသားရေးတေးကဗျာ
၈:၀၀	၉။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀	၁၀။ အမျိုးသားရေးတေးကဗျာ
၈:၁၅	၁၁။ အပိတ်နှုတ်ဆက်စကား
၈:၁၆	၁၂။ ပြီးပါပြီ။

ညပိုင်း

၄:၀၀	၁။ မြဝတီအဖွင့်
၄:၀၅	၂။ အဖွင့်သီချင်း
၄:၁၅	၃။ အမျိုးသားရေးတေးကဗျာ
၄:၂၀	၄။ ချိုမြလက်သံငြိမ့်ညောင်းဟန်
၄:၃၀	၅။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄:၄၅	၆။ မျိုးချစ်တပ်မတော်
၄:၅၀	၇။ ကြည်နူးရွှင်ပျော်တေးသရုပ်ဖော်
၅:၀၀	၈။ တက္ကသိုလ်ဝင်တန်းစာမေးပွဲအထောက်အကူပြုသင်ခန်းစာပို့ချချက် -သချာ်
၅:၂၀	၉။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲအစီအစဉ်
၅:၃၀	၁၀။ ဗွီစီဒီကျော်ကြားတေးများ
၅:၄၀	၁၁။ သာယာသီကြွေးခေတ်ဆန်းတေး
၆:၀၀	၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀	၁၃။ နိုင်ငံတကာသတင်း
၆:၂၀	၁၄။ အမျိုးသားရေးတေးကဗျာ
၆:၃၅	၁၅။ လျှပ်တစ်ပြက်ရိုက်ချက်
၇:၀၀	၁၆။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ရာဇဝင်တွင်တဲ့သူရဲကောင်း (အပိုင်း-၃၈)**
၈:၀၀	၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
	၁၈။ မိုးလေဝသသတင်း
	၁၉။ အမျိုးသားရေးတေးကဗျာ
	၂၀။ မေးမြန်းစုံစမ်း
	၂၁။ သီဆိုဖြေဖျော်တစ်ကိုယ်တော်
	၂၂။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
	၂၃။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -သိမ်းငှက်သူရဲကောင်း(ဒုတွဲ) (အပိုင်း-၃၃)**
	၂၄။ သင့်အတွက်မနက်ဖြန်
	၂၅။ အပိတ်နှုတ်ဆက်စကား
	၂၆။ ပြီးပါပြီ။

ရန်ကုန်တိုင်းစစ်ဌာနချုပ် စုပေါင်းထမနဲထိုးပြိုင်ပွဲ ကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၁၇

ရန်ကုန်တိုင်း စစ်ဌာနချုပ်နှင့် တပ်နယ်၊ တပ်ရင်း၊ တပ်ဖွဲ့များ၏ ပထမအကြိမ် စုပေါင်းထမနဲထိုး ပြိုင်ပွဲကို ဖေဖော်ဝါရီ ၁၅ ရက် ညနေ ၆ နာရီခွဲတွင် ရန်ကုန်တိုင်း စစ်ဌာနချုပ်ဝင်း အတွင်း မြက်ခင်းပြင်၌ ကျင်းပသည်။

ကြည့်ရှုအားပေး

အစီအစဉ်အရ ရန်ကုန်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်လှဋ္ဌေးဝင်းက ပထမအကြိမ် စုပေါင်းထမနဲထိုး ပြိုင်ပွဲကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးပြီး ပြိုင်ပွဲဝင်အသင်းများက စုပေါင်း ထမနဲထိုးပွဲကို ယှဉ်ပြိုင်ကြရာ တိုင်းမှူး ဗိုလ်ချုပ်လှဋ္ဌေးဝင်း၊ ဇနီး ဒေါ်မာမာဝေနှင့် ဧည့်သည်တော်များက လှည့်လည် ကြည့်ရှုအားပေးကြသည်။

ထို့နောက် ဆုချီးမြှင့်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ တိုင်းမှူးနှင့် တာဝန်ရှိသူများက ပထမ၊ ဒုတိယ၊ တတိယ၊ စတုတ္ထ၊ ပဉ္စမ၊ ဆဋ္ဌမနှင့် နှစ်သိမ့်ဆုရရှိကြသော ပြိုင်ပွဲဝင်အသင်းများအား ဆုများအသီးသီး ပေးအပ်ချီးမြှင့်၍ အကဲဖြတ်ဒိုင်အဖွဲ့အား အမှတ်တရ ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ချီးမြှင့်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ရန်ကုန်တိုင်း စစ်ဌာနချုပ် ပထမအကြိမ် စုပေါင်းထမနဲထိုး ပြိုင်ပွဲသို့ ရန်ကုန်တိုင်း စစ်ဌာနချုပ်နှင့် တပ်နယ်၊ တပ်ရင်းတပ်ဖွဲ့များမှ ပြိုင်ပွဲ ဝင်အသင်း ၁၂သင်း ပါဝင်ယှဉ်ပြိုင်ခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဆုချီးမြှင့်

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန် တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဋ္ဌေးဝင်း ရန်ကုန်တိုင်း စစ်ဌာနချုပ်နှင့် တပ်နယ်တပ်ရင်း၊ တပ်ဖွဲ့များ၏ ပထမအကြိမ် စုပေါင်းထမနဲထိုး ပြိုင်ပွဲတွင် ပထမ ဆုရရှိသောတပ်ရင်းအား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

ပျော်ဘွယ်အရှင်ဝိသုဒ္ဓရုံသီ တရားပွဲ

ရန်ကုန် ဖေဖော်ဝါရီ ၁၇

မြောက်ဥက္ကလာပမြို့နယ်၊ မယ်လမုဘုရားအနီး ဓမ္မသိင်္ဂီပျော်ဘွယ်ပရိယတ္တိစာသင်တိုက်နှင့် မင်္ဂလာဒုံမြို့နယ်၊ ကုန်းတလပေါင်၊ ဓမ္မသိင်္ဂီပျော်ဘွယ် ပဋိပတ္တိသာသနာ့ရိပ်သာတို့၏ ပဓာန နာယက၊ ဂန္ထဝါစကပဏ္ဍိတ၊ သဒ္ဓမ္မဇောတိကဓဇ၊ကမ္မဋ္ဌာနာစရိယ၊ပြည်တွင်းပြည်ပသာသနာပြု ဓမ္မကထိက ပျော်ဘွယ် အရှင်ဝိသုဒ္ဓရုံသီသည် ဖေဖော်ဝါရီ ၁၇ရက်တွင် ဓမ္မသိင်္ဂီ ပျော်ဘွယ် ပဋိပတ္တိသာသနာ့ရိပ်သာ ဗုဒ္ဓပူဇနိယပွဲအကြိုပဋ္ဌာန်းဖွင့်ပွဲ၌ တရားတော်များဟောကြားပြီး ဆက်လက်၍ ၂၀ရက်နှင့် ၂၁ရက်တို့တွင် ပျော်ဘွယ်မြို့နယ် ဇီးတောကျောင်း ဗုဒ္ဓပူဇနိယ အကြို တရားပွဲ၊ ၂၂ရက် နံနက်တွင် ဇီးတောကျောင်း ဗုဒ္ဓပူဇနိယပွဲ အနုမောဒနာတရား၊ ၎င်းနေ့ ညပိုင်းတွင် ပျော်ဘွယ်မြို့နယ်၊ ညောင်ကုန်းကျေးရွာ၊ ကြွယ်ကန်ကျေးရွာ၊ ဇီးချိုကုန်းကျေးရွာသုံးရွာစုပေါင်းညောင်ကုန်း ဓမ္မာရုံတရားပွဲ၊ ၂၃ရက် ညတွင် ပျော်ဘွယ်မြို့နယ်၊ တောင်ဖီလာ ကျေးရွာ ဘုန်းတော်ကြီးကျောင်းတရားပွဲ၊ ၂၄ရက်ညတွင် ပျော်ဘွယ်မြို့နယ်၊ မဲဒီးကျေးရွာ၊ မင်းတဲကုန်းကျေးရွာ၊ ချောင်းနားကျေးရွာ သုံးရွာစုပေါင်း၍ အလယ်ကျောင်းဓမ္မာရုံတရားပွဲ၊ ၂၅ရက်ညတွင် ပျော်ဘွယ်မြို့နယ်တရားပွဲ၊ ၂၈ရက်နှင့် ၂၉ရက် ညတို့တွင် လပွတ္တာမြို့နယ်၊ လပွတ္တာလုပ် ရှင်စောမြတ်စေတီတော် အထူးတရားပွဲတို့ကို ဟောကြားမည်ဖြစ်ကြောင်း သိရသည်။ (က–ပ)

အောင်စကြာ အထူးဓမ္မသဘင်

ရန်ကုန် ဖေဖော်ဝါရီ ၁၇

ရန်ကုန်တိုင်း သာကေတမြို့နယ် အောင်စကြာ မိုးကုတ်ဝိပဿနာဓမ္မ ရိပ်သာ ဦးစီးပဓာန နာယက မိုးကုတ်ဝိပဿနာအဖွဲ့ချုပ် မဟာနာယက အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တ ဝိမလဗုဒ္ဓိ (မြို့နယ်သံဃနာယက အဖွဲ့ ဥက္ကဋ္ဌ) သည် ဖေဖော်ဝါရီ ၂၁ ရက် ည ၇နာရီတွင် တွံတေးမြို့နယ် ကွန်တာကျေးရွာ ဦးအောင်ကျော်မြ–ဒေါ်ခင်သန်းနှင့် ဦးအောင်သိန်း–ဒေါ်သိန်းမြင့်တို့၏ ရဟန်းခံရှင်ပြုအလှူမင်္ဂလာမဏ္ဍပ်၌ တရားတော်များ ဟောကြားမည်ဖြစ်ကြောင်း သိရသည်။ (က–ပ)

အာစရိယပူဇော်ပွဲကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၁၇

အထက (၄) ပုဇွန်တောင် ပဉ္စမအကြိမ်မြောက် ကျောင်းသား ကျောင်းသူဟောင်းများ၏ အာစရိယပူဇော်ပွဲကို မတ် ၂ရက် ညနေ ၃နာရီတွင် အဆိုပါကျောင်း၌ ကျင်းပမည်ဖြစ်ရာ ၁၉၆၇ ခုနှစ်မှ ၁၉၈၇ ခုနှစ်အတွင်း ပညာသင်ကြားပေးခဲ့ကြသော ဆရာ၊ ဆရာမကြီးများနှင့် တပည့်ဟောင်းများ မပျက်မကွက်တက်ရောက်ကြပါရန်နှင့် အလှူငွေနှင့်အလှူပစ္စည်း များပေးပို့လှူဒါန်းလိုပါက ဦးမျိုးထွန်း ဖုန်း–၀၁–၅၁၆၀၄၁၊ ဦးကျော်ညွန့်ဦး ဖုန်း ၀၉–၅၁၂၀၅၁၃၊ ဒေါ်သက်နှင်းဦး ဖုန်း–၀၉–၅၁၁၂၅၉၃၊ ၀၁–၃၈၆၉၇၄၊ ဦးစိန်တိုး ဖုန်း–၀၉–၅၀၀၀၆၁၃၊ ဦးဟန်ထူး ဖုန်း–၀၁–၂၉၄၀၂၅၊ ဦးတင်အောင်ကျော် ဖုန်း–၀၁–၂၉၇၂၇၅၊ ၀၉–၉၀၃၀၁၇၁နှင့် ဒေါ်သင်းသင်းဆွေ ဖုန်း ၀၁–၂၉၂၁၈၄တို့သို့ လှူဒါန်းနိုင်ကြောင်း သိရှိရသည်။ (က–ပ)

ပြည်ထောင်စုနေ့ဂုဏ်ပြု၊ မကွေးမြို့ သရဖီလမ်း ကတ္တရာလမ်းသစ်ဖွင့်

ရန်ကုန် ဖေဖော်ဝါရီ ၁၇

(၆၁)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် မကွေးမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်သည့် သရဖီလမ်း ကိုယ့်အားကိုယ်ကိုး ကတ္တရာလမ်းသစ် ဖွင့်ပွဲကို ဖေဖော်ဝါရီ ၁၀ ရက်တွင် မကွေးမြို့ သိင်္ဂါဂီရိ ရပ်ကွက်၌ ကျင်းပသည်။

အခမ်းအနားတွင် မကွေးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးတင်နုက ရှင်းလင်းတင်ပြပြီး ကတ္တရာလမ်းသစ်ကို မကွေးတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးဆန်းမော်ခင်၊ မကွေးခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ ဥက္ကဋ္ဌ ဦးအုံမော်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး ကတ္တရာလမ်းသစ်ဖွင့်ပွဲအခမ်းအနား ဆိုင်းဘုတ်ကို မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီး ဘုန်းမော်ရွှေက စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးသည်။ **(အပေါ်ပုံ)**

ဆောင်ရွက်

အဆိုပါ ကတ္တရာလမ်းသစ်မှာ မြေသားလမ်းအား အဆင့်မြှင့်တင် ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး လမ်းအရှည် ပေ ၁၆၀၀၊ အကျယ် ၁၂ ပေရှိ၍ မကွေးမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ထည့်ဝင်ငွေကျပ် ၃၂၂၀၀၀၀ နှင့် ပြည်သူ ထည့်ဝင်ငွေကျပ် ၅၉၈၀၀၀၀ စုစုပေါင်း ငွေကျပ် ၉၂၀၀၀၀၀ ဖြင့် အကုန်အကျခံ ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

(မြို့နယ်စည်ပင်)

လှိုင်သာယာမြို့နယ် (၆၁)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားကို အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း အားကစားကွင်း၌ ဖေဖော်ဝါရီ ၁၂ရက်က ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေထံမှ ပေးပို့သော (၆၁)နှစ်မြောက် ပြည်ထောင်စုနေ့ သဝဏ်လွှာကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးခင်သိန်းမောင် ဖတ်ကြားစဉ်။ (၄၉)

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် သမိုင်းဝင် အပရာဇိတဆံတော်ရှင် ကျိုက်ပိုင်းစေတီတော်မြတ်ကြီးတွင် တောင်ဘက်စောင်းတန်းတော်ကြီး တည်ဆောက်ရန်အတွက် မရမ်းကုန်းမြို့နယ် (၂)ရပ်ကွက် ကိုယ်ပိုင်လမ်းနေ ဒုတိယဗိုလ်မှူးကြီး တင်မောင်သိန်းအား ရည်စူး၍ ဒေါ်အေးမိုးထွန်းမိသားစုက အလှူငွေကျပ် ၁၀၀၀၀၀ ကို လှူဒါန်းရာ ဂေါပကအဖွဲ့ဝင် ဦးထွန်း၊ ဦးမောင်လှိုင်နှင့် ဦးအေးမြင့်တို့ လက်ခံယူစဉ်။ (ကြေးမုံ)

ရန်ကုန်တိုင်း လှည်းကူးမြို့နယ် ကျွန်းကလေးကျေးရွာ အာဇီဝကျောင်းလမ်း၊ ဓမ္မမာမက သာသနာ့ရိပ်သာ ရေရှည်တည်တံ့ရန်နှင့် စဉ်ဆက်မပြတ် ယောဂီများအား သတိပဋ္ဌာန် ဝိပဿနာတရား ပွားများအားထုတ်နိုင်ရန်အတွက် အလှူရှင်များက ထာဝရဆွမ်းပဒေသာပင် အလှူငွေကျပ် ၇၀၇၇၀၀၀ ကို ဓမ္မမာမက သာသနာ့ရိပ်သာ ပဓာနနာယက ဆရာတော် ဘဒ္ဒန္တ ဣန္ဒရှေ့မှောက်၌ အကျိုးတော်ဆောင်များထံ စုပေါင်း၍ ပေးအပ်လှူဒါန်းစဉ်။ (က–ပ)

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် ဆဋ္ဌသင်္ဂါယနာ သာသနာ့သမိုင်းဝင် သီရိမင်္ဂလာကမ္ဘာအေးစေတီတော်မြတ်ကြီး၏ ထီးတော်သစ် တင်လှူပူဇော်ရန်အတွက် ဦးစိုးနိုင်–ဒေါ်အေးအေးခိုင် (အေးအေးခိုင် ကျောက်မျက်နှင့်ကျောက်စိမ်းကုမ္ပဏီ) မိသားစုက ငွေကျပ်သိန်း ၃၀ ကို ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ကွယ်လွန်သူ ဦးသူ၊ ဒေါ်လှခင်၊ ဦးထွန်းလင်းတို့အား ရည်စူး၍ ဦးဇောတိက (မဟာစည်မာမကဆောင်–၃၀၆)နှင့် ဒေါ်ညိုညိုလင်း၊ သမီး မခင်နှင်းစိုး၊ သား မောင်ကောင်းပြည့်စိုး(စင်ကာပူ)တို့က မဟာစည်ဓမ္မဗိမာန်တော်ကြီးအတွက် ငွေကျပ်နှစ်သိန်း လှူဒါန်းရာ မဟာစည်သာသနာ့ရိပ်သာ ဗုဒ္ဓသာသနနုဂ္ဂဟအဖွဲ့ချုပ် နာယက ဦးတင်ဝမ်နှင့် တွဲဖက်အတွင်းရေးမှူး ဦးဖုန်းမြင့်တို့ လက်ခံယူစဉ်။ (က–ပ)

ဖွံ့ဖြိုးရေး ... ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းကို ပြည်သူများ၏ဆန္ဒဖြင့် အတည်ပြုပေးနိုင်ရန် လာမည့် မေလတွင် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကျင်းပသွားမည်ဖြစ်ကြောင်း ကြေညာထား

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် စစ်တွေမြို့ရှိ လောကာနန္ဒာ စေတီတော်မြတ်ကြီး လိုဏ်အတွင်း၌ ကိန်းဝပ်စံပယ်တော်မူလျက်ရှိသော ကကုသန် ဗုဒ္ဓရုပ်ပွားတော်မြတ်အား ဖူးမြော်ကြည်ညိုစဉ်။
(သတင်းစဉ်)

❑ **ရှေ့ဖုံးမှ**

ဆက်လက်၍ ပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွန်းလှိုင်က လေယာဉ်ကွင်းပြုပြင်အဆင့်မြှင့်တင်ရာတွင် ဆောင်ရွက်ပြီးစီးသည့် မြေကြီးလုပ်ငန်း၊ ကျောက်ကတ္တရာ ထပ်ပိုးလွှာတင်ခြင်းလုပ်ငန်း၊ စက်ယန္တရားများနှင့် လုပ်ငန်းသုံးပစ္စည်းများ စုဆောင်းထားရှိမှု အခြေအနေများနှင့် ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ နိုင်ငံတော်ဝန်ကြီးချုပ်က လုပ်ငန်းများကို ဆောင်ရွက်ရာတွင် ရရှိသည့် ရန်ပုံငွေ၊ စက်ယန္တရားနှင့် လုပ်ငန်းသုံးပစ္စည်း စုဆောင်းရရှိမှု အခြေအနေအရ လုပ်ငန်းတစ်ရပ်လုံး တစ်ချိန်တည်း ဆောင်ရွက်နိုင်ခြင်း မရှိပါက အရေးကြီးသည့် လေယာဉ်ပြေးလမ်း ပြီးစီးအောင်ဆောင်ရွက်ရေး၊ ရေမြောင်းတူးဖော်ရေး လုပ်ငန်းများကို မိုးမကျမီပြီးစီးအောင် ဦးစားပေး သတ်မှတ်ဆောင်ရွက်ကြရန် မှာကြားသည်။

စစ်တွေလေဆိပ် လေယာဉ်ပြေးလမ်းမှာ အရှည်ပေ ၆၀၀၀ နှင့် အကျယ်ပေ ၁၅၀ ရှိပြီး ပြေးလမ်းအထူ ၁၂ လက်မ၊ မျက်နှာပြင် အမျိုးအစားမှာ ကျောက်ကတ္တရာခင်းထား၍ ပြေးလမ်း ခံနိုင်ရည်အားသည် ပေါင် ၇၃၀၀၀ ဖြစ်သည်။ လေယာဉ်ရပ်နားရာ နေရာသည် အရှည်ပေ ၆၀၀၊ အကျယ်ပေ ၃၀၀ ကျယ်ဝန်းပြီး လေယာဉ်သွားလမ်းမှာ အရှည် ၅၂၅ ပေနှင့် အကျယ် ၇၅ ပေရှိသည်။

ထိုမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ်သည် စစ်တွေမြို့ မြို့တော်ခန်းမ၌ စစ်တွေ ခရိုင်နှင့် မြို့နယ်များမှ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများအား တွေ့ဆုံ၍ အမှာစကားပြောကြားသည်။

တွေ့ဆုံပွဲတွင် ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မောင်ရှိန်က ရခိုင်ပြည်နယ်သည် ဧရိယာ စတုရန်းမိုင် ၁၄၂၀၀ ကျယ်ဝန်းပြီး ကမ်းရိုးတန်းမိုင် ၃၆၀ ရှည်လျားသည့် ပင်လယ်ကမ်းခြေရှိ ပြည်နယ်တစ်ခုဖြစ်ပါကြောင်းဖြင့် ရှင်းလင်းတင်ပြပြီး ရခိုင်ပြည်နယ်၏ ဖွဲ့စည်းမှု၊ မြေယာအသုံးချမှု၊ မိုးစပါး စိုက်ပျိုးရိတ်သိမ်းထွက်ရှိမှု၊ နွေစပါးစိုက်ပျိုးမှု အခြေအနေများနှင့် ဒေသဝမ်းစာဖူလုံမှု အခြေအနေ၊ အဓိကသီးနှံ ၁၀ မျိုး လျာထားမှုနှင့် အမှန်စိုက်ပျိုးပြီးစီးမှု၊ ပန်းတိုင်အထွက်နှုန်း ရရှိရေး ဆောင်ရွက်နိုင်မှု၊ သီးနှံအလိုက် မျိုးကောင်းမျိုးသန့် ပြောင်းလဲမှု၊ ဆီထွက်သီးနှံစိုက်ပျိုးမှုနှင့် ဆီဖူလုံမှု အခြေအနေ၊ ငရုတ်ကောင်း၊ ကော်ဖီ၊ လက်ဖက်စသည့် အမယ်သစ်သီးနှံ စိုက်ပျိုးမှု၊ ရော်ဘာ၊ ဆီအုန်း၊ သစ်ဆိမ့်နှင့် နှစ်ရှည်ပင်စိုက်ပျိုးမှု၊ ခြံစည်းရိုးကြက်ဆူစိုက်ပျိုးမှု၊ ငါး၊ ပုစွန်တိုးချဲ့ မွေးမြူမှုလုပ်ငန်းများနှင့် မေယုတောင်တန်း ရော်ဘာကေတစ်သိန်း စိုက်ပျိုးရေးစီမံကိန်း အခြေအနေ၊ ရခိုင်ပြည်နယ်အတွင်း လမ်း၊ တံတားနှင့် ရေလှောင်တမံစီမံကိန်း၊ နယ်စပ်ကုန်သွယ်ရေးအခြေအနေများ၊ ပြည်နယ်၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုဆိုင်ရာများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်က သိရှိလိုသည်များကို မေးမြန်း၍ လိုအပ်သည်များကို ညှိနှိုင်းစီမံ ဖြည့်ဆည်းပေးပြီး အမှာစကားပြောကြားရာတွင် မိမိနှင့်အတူ နယ်မြေတာဝန်ခံနှင့် အစိုးရအဖွဲ့–အဖွဲ့ဝင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် ဌာနဆိုင်ရာ အကြီးအကဲများ ပါဝင်သည့် အဖွဲ့သည် ရခိုင်ပြည်နယ်၏ ဖွံ့ဖြိုးတိုးတက်မှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ဆက်လက်အဆင့်မြှင့်တင်ဆောင်ရွက်ပေးနိုင်ရေးအတွက် လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးရန် လာရောက်ခဲ့ကြခြင်းဖြစ်ကြောင်း၊ မိမိအနေဖြင့် ကချင်ပြည်နယ်နှင့် ချင်းပြည်နယ်များရှိ မြို့နယ်များသို့လည်း သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပြီး လိုအပ်ချက်များကို ဖြည့်ဆည်းစီမံ ဆောင်ရွက်ပေးခဲ့ပြီးဖြစ်ကြောင်း။

ရခိုင်ပြည်နယ်သည် ဧရိယာ စတုရန်းမိုင် ၁၄၀၀၀ ကျော် ကျယ်ဝန်းပြီး တိုင်းရင်းသားပေါင်းစုံ သုံးသန်းကျော်တို့ အစဉ်အဆက်ကပင် အတူတကွ လက်တွဲနေထိုင်လာခဲ့ကြောင်း၊ တောင်တန်းနှင့် သစ်တောများ ထူထပ်စွာ ပေါက်ရောက်သောဒေသဖြစ်သည့်အပြင် ရှည်လျားသော ပင်လယ်ကမ်းခြေနှင့် ရေထွက်ပစ္စည်း ပေါများကြွယ်ဝသည့် ရေခံ၊ မြေခံကောင်းများဖြင့် ပြည့်စုံသော ပြည်နယ်တစ်ခုဖြစ်ကြောင်း၊ ဆန်စပါး၊ သားငါးနှင့် ရေထွက်ပစ္စည်းများကိုလည်း ပြည်နယ်အတွက် ဖူလုံရုံသာမက စီးပွားဖြစ် ထုတ်လုပ်ရောင်းချနိုင်သည့် ပြည်နယ်တစ်ခုဖြစ်ကြောင်း။

တစ်ချိန်က လမ်းပန်းဆက်သွယ်ရေး ခက်ခဲမှုကြောင့် ဖွံ့ဖြိုးမှုနှောင့်နှေးခဲ့ရသည့်အပြင် နိုင်ငံ၏ အခြားဒေသများတွင် နေထိုင်လျက်ရှိကြသော တိုင်းရင်းသားများနှင့်ပင် အနေဝေးသကဲ့သို့ ဖြစ်ခဲ့ရကြောင်း၊ ထို့အတူ ပြည်နယ်၏တောင်ပိုင်းနှင့် မြောက်ပိုင်း ဆက်စပ်သွားလာရေးမှာပင် အခက်အခဲများ ရှိနေရကြောင်း။

နိုင်ငံတော်အကြီးအကဲက ရခိုင်ပြည်နယ်၏ ယင်းအခြေအနေ အခက်အခဲကို ကျော်လွှားလွန်မြောက်စေရန်အတွက် ရန်ကုန်–စစ်တွေ ပြည်ထောင်စု လမ်းမကြီးကို ၁၉၉၆ ခုနှစ်က စတင်ဖောက်လုပ်ခဲ့ရာ ၂၀၀၀ ပြည့်နှစ် ဖေဖော်ဝါရီလတွင် ဖွင့်လှစ်အသုံးပြုလာနိုင်ခဲ့ကြောင်း၊ ထိုလမ်းကို ဖောက်လုပ်ခဲ့ရာမှာလည်း သာမန်မြေပြန့်လွင်ပြင်မျိုးမဟုတ်ဘဲ တောတောင် မြစ်ချောင်းများကို ကျော်ဖြတ်ပြီး ခက်ခက်ခဲခဲ ဖောက်လုပ်ပေးခဲ့ရခြင်းဖြစ်ကြောင်း၊ အဆိုပါလမ်းပေါ်တွင် မြစ်ကူး ချောင်းကူးတံတားကြီး ၁၀စင်းနှင့် တံတားငယ် ၈၀၀ ကျော်ကို ငွေကြေး အမြောက်အမြား သုံးစွဲပြီး ခက်ခက်ခဲခဲ မဖြစ်ဖြစ်အောင် ဖောက်လုပ်ပေးခဲ့ခြင်းဖြစ်ကြောင်း။

ထို့အတူ ရခိုင်ပြည်နယ်တောင်ပိုင်းနှင့် မြောက်ပိုင်း ဆက်စပ်နိုင်ရန်နှင့် ပဲခူးတိုင်း၊ ဧရာဝတီတိုင်းတို့နှင့် ဆက်စပ်သွားလာနိုင်ရန် ရန်ကုန်–ကျောက်ဖြူလမ်းမကြီးကိုလည်း ခက်ခက်ခဲခဲ ဖောက်လုပ်ပေးခဲ့ကြောင်း၊ အဆိုပါလမ်းမကြီးတွင် ပါဝင်သည့် မအီအပိုင်း၊ မအီ–စနဲ(ခံမင်) အပိုင်းများဆိုလျှင် ဖြူးတော၊ ရွှံ့မြေ၊ မြေပျော့တို့ကိုဖြတ်သန်းရသည့်အတွက် ခက်ခဲစွာ တီထွင်ကြံဆ၍ တချို့လမ်းအပိုင်းများတွင် Geo Textile နည်းဖြင့် ဖောက်လုပ်ပေးခဲ့ရပြီး တံတားကြီး ၁၄ စင်းနှင့် တံတားအလတ်၊ အသေး ၆၈၀ ကျော်တို့ပါ ထည့်သွင်း တည်ဆောက်ခဲ့ရကြောင်း။

ပြောရလျှင် အဆိုပါ လမ်းများမှာ ပြည်နယ်သားများအနေဖြင့် စိတ်ကူးယဉ် အိပ်မက်အဖြစ်ပင် တွေးမြင်မိကြမှာ မဟုတ်ကြောင်း၊ တိုင်းရင်းသားများအပေါ် ထားရှိသည့် နိုင်ငံတော်၏ စေတနာ စေ့ဆော်မှုများကြောင့် မဖြစ်ဖြစ်အောင် တီထွင်ကြံဆပြီး ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်ကြောင်း။

ထို့ကြောင့် ပြည်နယ်အတွင်း နေထိုင်လျက်ရှိကြသည့် တိုင်းရင်းသားများအားလုံးကလည်း ပြည်နယ်အတွင်းတွင် ရှိပြီးဖြစ်သော သဘာဝအရင်းအမြစ်များနှင့် နိုင်ငံတော်အစိုးရက ဖန်တီးဖော်ဆောင်ပေးထားသည့် အခွင့်အလမ်းကောင်းများကို ပေါင်းစပ်ပြီး မိမိတို့နှင့်အတူ ပြည်နယ်ကြီး တစ်ခုလုံးပါ ဖွံ့ဖြိုးတိုးတက်လာအောင် ကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်း မှာကြားလိုကြောင်း။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် စစ်တွေမြို့ မြို့တော်ခန်းမ၌ စစ်တွေခရိုင်နှင့် မြို့နယ်များမှ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့မိ၊ မြို့ဖများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။
(သတင်းစဉ်)

ထို့အတူ နိုင်ငံတော်ကြီး ဖွံ့ဖြိုးတိုးတက်ရေးအတွက်သာမက မိမိတို့လူနေမှုဘဝ လုံခြုံစွာဖွံ့ဖြိုးတိုးတက်ရေးအတွက်ပါ အခြေခံလိုအပ်ချက်ဖြစ်သည့် တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကို ဝိုင်းဝန်းတည်ဆောက် ကာကွယ်သွားကြရန် မှာကြားလိုကြောင်း။

ထို့ပြင် နိုင်ငံတော်က ရခိုင်ပြည်နယ်အတွင်း တည်ဆောက်ပေးထားသည့် ပညာရေး၊ ကျန်းမာရေးဆိုင်ရာ အခြေခံကောင်းများကို ပြည်သူများအပိုင်းက လက်တွေ့ အကျိုးရှိရှိ အသုံးချသွားကြရန် လိုသကဲ့သို့ သက်ဆိုင်ရာ နိုင်ငံ့ဝန်ထမ်းများ အပိုင်းကလည်း နိုင်ငံတော်အစိုးရ၏ ပညာရေး၊ ကျန်းမာရေးနှင့် လူမှုရေးဆိုင်ရာ မျှော်မှန်းချက်များကို ပြည်သူများ အပြည့်အဝ ခံစားစေရအောင် ကြိုးပမ်းဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်း။

စစ်တွေဆိပ်ကမ်း ဖောင်တော်ကြီးဆိပ်ခံတံတားကို တွေ့ရစဉ်။
(သတင်းစဉ်)

မအီအပိုင်း၊ မအီ–စနဲ(ခုံမင်) အပိုင်းများဆိုလျှင် ဖြူးတော၊ ရွှံ့မြေ၊ မြေပျော့တို့ကိုဖြတ်သန်းရသည့်အတွက် ခက်ခဲစွာ တီထွင်ကြံဆ၍ တချို့လမ်းအပိုင်းများတွင် Geo Textile နည်းဖြင့် ဖောက်လုပ်ပေးခဲ့ရပြီး တံတားကြီး ၁၄ စင်းနှင့် တံတားအလတ်၊ အသေး ၆၈၀ ကျော်တို့ပါ ထည့်သွင်း တည်ဆောက်ခဲ့ရကြောင်း။

ပြောရလျှင် အဆိုပါ လမ်းများမှာ ပြည်နယ်သားများအနေဖြင့် စိတ်ကူးယဉ် အိပ်မက်အဖြစ်ပင် တွေးမြင်မိကြမှာ မဟုတ်ကြောင်း၊ တိုင်းရင်းသားများအပေါ်ထားရှိသည့် နိုင်ငံတော်၏ စေတနာ စေ့ဆော်မှုများကြောင့် မဖြစ်ဖြစ်အောင် တီထွင်ကြံဆပြီး ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်ကြောင်း။

ထို့ကြောင့် ပြည်နယ်အတွင်း နေထိုင်လျက်ရှိကြသည့်တိုင်းရင်းသားများအားလုံးကလည်း ပြည်နယ်အတွင်းတွင် ရှိပြီးဖြစ်သော သဘာဝအရင်းအမြစ်များနှင့် နိုင်ငံတော်အစိုးရက ဖန်တီးဖော်ဆောင်ပေးထားသည့် အခွင့်အလမ်းကောင်းများကို ပေါင်းစပ်ပြီး မိမိတို့နှင့်အတူ ပြည်နယ်ကြီးတစ်ခုလုံးပါ ဖွံ့ဖြိုးတိုးတက်လာအောင် ကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်း မှာကြားလိုကြောင်း။

...ပ် ဗိုလ်ချုပ်ကြီးသိန်းစိန် စစ်တွေမြို့ မြို့တော် ...နယ်များမှ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်း ...းအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

ထို့အတူ နိုင်ငံတော်ကြီး ဖွံ့ဖြိုးတိုးတက်ရေးအတွက်သာမက မိမိတို့လူနေမှုဘဝ လုံခြုံစွာဖွံ့ဖြိုးတိုးတက်ရေးအတွက်ပါ အခြေခံလိုအပ်ချက်ဖြစ်သည့် တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကို ဝိုင်းဝန်းတည်ဆောက် ကာကွယ်သွားကြရန် မှာကြားလိုကြောင်း။

ထို့ပြင် နိုင်ငံတော်က ရခိုင်ပြည်နယ်အတွင်း တည်ဆောက်ပေးထားသည့် ပညာရေး၊ ကျန်းမာရေးဆိုင်ရာ အခြေခံကောင်းများကို ပြည်သူများအပိုင်းက လက်တွေ့ အကျိုးရှိရှိ အသုံးချသွားကြရန် လိုသကဲ့သို့ သက်ဆိုင်ရာ နိုင်ငံ့ဝန်ထမ်းများ အပိုင်းကလည်း နိုင်ငံတော်အစိုးရ၏ ပညာရေး၊ ကျန်းမာရေးနှင့် လူမှုရေးဆိုင်ရာ မျှော်မှန်းချက်များကို ပြည်သူများ အပြည့်အဝ ခံစားစေရအောင် ကြိုးပမ်းဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်း။

ယနေ့ နိုင်ငံတော်အစိုးရအနေဖြင့် ပြည်သူများ၏ ဆန္ဒနှင့်အညီ ဒီမိုကရေစီ နိုင်ငံတော်အဖြစ် ညင်သာစွာ အသွင်ကူးပြောင်းနိုင်ရေးအတွက် မူဝါဒလမ်းစဉ် (၇)ရပ် ချမှတ်ပြီး တစိုက်မတ်မတ် ဆောင်ရွက်လျက်ရှိကြောင်း၊ ယခုအခါ မူဝါဒလမ်းစဉ် (၇)ရပ်အနက် ပထမနှင့် ဒုတိယ လုပ်ငန်းစဉ်များပြီးစီးပြီဖြစ်၍ တတိယ လုပ်ငန်းစဉ်ဖြစ်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း ရေးဆွဲလျက်ရှိရာ ပြီးစီးတော့မည်ဖြစ်၍ အဆိုပါ ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းကို ပြည်သူများ၏ ဆန္ဒဖြင့်အတည်ပြုပေးနိုင်ရန် လာမည့် မေလတွင် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကျင်းပသွားမည်ဖြစ်ကြောင်းကို ကြေညာထားပြီးဖြစ်ကြောင်း။

ထို့ပြင် ဖြစ်ပေါ်လာမည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို ၂၀၁၀ ခုနှစ်တွင် ကျင်းပပေးမည်ဖြစ်ကြောင်းကိုလည်း ကြေညာထားပြီးဖြစ်ကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် ပြည်သူများ လိုလားတောင့်တနေသည့် ဒီမိုကရေစီ နိုင်ငံတော် အသွင်ကူးပြောင်းရေး လုပ်ငန်းစဉ်များကို တစိုက်မတ်မတ် ဆောင်ရွက်ခဲ့ကြောင်း၊ မိမိတို့တိုင်းရင်းသားအားလုံး၏ ထုံးတမ်းစဉ်လာ ဓလေ့စရိုက်လက္ခဏာ၊ ရေမြေ၊ သဘာဝအခြေခံများနှင့် လိုက်လျောညီထွေရှိမည့် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးလုပ်ငန်းများကို တစိုက်မတ်မတ်ဆောင်ရွက်ရင်း တစ်ဖက်မှလည်း ဒီမိုကရေစီနိုင်ငံတော်ကြီး ထာဝရ ခိုင်ခိုင်မာမာ ရပ်တည်ဖြစ်ထွန်းနိုင်ရေးအတွက် နိုင်ငံတော် တည်ငြိမ်ရေး၊ တရားဥပဒေစိုးမိုးရေး၊ စီးပွားရေးအခြေခံကောင်းများ ဖြစ်ထွန်းရေး၊ ပြည်သူများ အသိပညာ ပြည့်စုံကြွယ်ဝရေး လုပ်ငန်းများကိုလည်း တစ်ပြိုင်တည်း ဆောင်ရွက်ခဲ့ကြောင်း။

ယနေ့ ပြည်သူများအနေဖြင့် အနာဂတ်ဒီမိုကရေစီ နိုင်ငံတော်သစ်၏ ပုံသဏ္ဌာန်ကို ရှုမြင်နိုင်ကြပြီဖြစ်ကြောင်း၊ ထို့ကြောင့် နိုင်ငံတော်နှင့် ပြည်သူများအတွက် မရှိမဖြစ် လိုအပ်နေသည့် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေး၊ ဖြစ်ပေါ်လာမည့် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ဒီမိုကရေစီ နိုင်ငံတော်သစ်ကြီး ပေါ်ပေါက်လာရေးအတွက် ပြည်သူများအားလုံး တက်ညီလက်ညီ ပါဝင်ဆောင်ရွက်ကြရန် မှာကြားလိုကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် စစ်တွေမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၊ အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း၊ စစ်မှုထမ်းဟောင်းအဖွဲ့၊ ကြက်ခြေနီနှင့် အရန်မီးသတ်တပ်ဖွဲ့တို့အတွက် ထောက်ပံ့ပစ္စည်းများနှင့် စစ်တွေမြို့အတွက် ဝန်ကြီးဌာန အသီးသီး၏ လက်ဆောင်ပစ္စည်းများကို သက်ဆိုင်ရာ တာဝန်ရှိသူများထံ ပေးအပ်၍ တွေ့ဆုံပွဲ အခမ်းအနားကို ရုပ်သိမ်းလိုက်ကာ တက်ရောက်လာကြသည့် မြို့မိမြို့ဖများအား ဒေသအခြေအနေများကို မေးမြန်းပြီး ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

ကြိုးပမ်းဆောင်ရွက်

နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မွန်းလွဲပိုင်းတွင် စစ်တွေမြို့ ခုတင် – ၂၀၀ ဆံ့ အထွေထွေရောဂါကုဆေးရုံကြီးသို့ ရောက်ရှိ

ယနေ့ ပြည်သူများအနေဖြင့် အနာဂတ် ဒီမိုကရေစီနိုင်ငံတော်သစ်၏ ပုံသဏ္ဌာန်ကို ရှုမြင်နိုင်ကြပြီဖြစ်ကြောင်း၊ ထို့ကြောင့် နိုင်ငံတော်နှင့် ပြည်သူများအတွက် မရှိမဖြစ် လိုအပ်နေသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေ ပေါ်ပေါက်ရေး၊ ဖြစ်ပေါ်လာမည့် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ဒီမိုကရေစီ နိုင်ငံတော်သစ်ကြီး ပေါ်ပေါက်လာရေးအတွက် ပြည်သူများအားလုံး တက်ညီလက်ညီ ပါဝင် ဆောင်ရွက်။

(၄)နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်

၁။ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်သစ် တည်ဆောက်ရာတွင် ပြည်သူတို့နှင့်အတူ လက်တွဲကြိုးပမ်းဆောင်ရွက်ရေး။
၂။ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ်အောင်မြင်ရေးအတွက် တိုင်းရင်းသားပြည်သူတို့နှင့်အတူ လက်တွဲကြိုးပမ်း အကောင်အထည်ဖော်ဆောင်ရွက်ရေး။
၃။ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို ဟန့်တားနှောင့်ယှက်သော ပြည်တွင်း၊ပြည်ပ အဖျက်သမားများကို ပြည်သူတို့နှင့်အတူ လက်တွဲ၍ ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ချေမှုန်းရေး။
၄။ ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်နိုင်ရန် အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သော ခေတ်မီမျိုးချစ်တပ်မတော် တည်ဆောက်ရေး။

ကြရာ နိုင်ငံတော်ဝန်ကြီးချုပ်က ယနေ့ ဆရာဝန်ဆရာမများနှင့် ကျန်းမာရေးဝန်ထမ်းများ၏ တာဝန်မှာ ဆေးဝါးကုသပေးရုံမျှဖြင့် မလုံလောက်တော့ကြောင်း၊ ပြည်သူများ ကျန်းမာရေးနှင့် ညီညွတ်အောင် နေထိုင်တတ်သည့် အလေ့အကျင့်များရရှိအောင်၊ ရောဂါမဖြစ်ခင်က ကြိုတင်ကာကွယ်တားဆီးရေးအသိပညာများ သိရှိလိုက်နာ ဆောင်ရွက်လာစေရအောင် ပြည်သူများအတွင်းဆင်းပြီး ကျန်းမာရေး ပညာပေးလုပ်ငန်းများကို စဉ်ဆက်မပြတ် ကြိုးပမ်းဆောင်ရွက်ရေး မှာကြားသည်။

ပေးအပ်လှူဒါန်း

ယင်းနောက် ဝန်ကြီးချုပ်က ခုတင်–၂၀၀ ဆံ့ အထွေထွေရောဂါကု ဆေးရုံကြီးအတွက် ထာဝရဆေးပဒေသာပင် အလှူငွေ ကျပ်ငါးသိန်းကို ဆေးရုံအုပ်ကြီး ဒေါက်တာဌေးကြွယ်ထံ ပေးအပ်လှူဒါန်းသည်။

ထို့နောက် ဝန်ကြီးချုပ်သည် ဆေးရုံကြီးရှိ ကလေးကုသဆောင်၊ ဆေးစတိုခန်း၊ အထူးကြပ်မတ်ကုသခန်း၊ ခွဲစိတ်ခန်းနှင့် ဓာတ်မှန်ခန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးရာ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်နှင့် ဆေးရုံအုပ်ကြီးတို့က လိုက်လံရှင်းလင်းပြသကြသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် စစ်တွေမြို့နယ် အရန်မီးသတ်တပ်ဖွဲ့အတွက် ထောက်ပံ့ပစ္စည်းများ ပေးအပ်စဉ်။
(သတင်းစဉ်)

ကြည့်ရှုအားပေး

ယင်းနောက် ဝန်ကြီးချုပ်သည် ဆေးရုံတွင် တက်ရောက်ဆေးဝါးကုသမှု ခံယူနေကြသည့် ဒေသခံ တိုင်းရင်းသားလူနာများအား ကြည့်ရှုအားပေးသည်။

ထိုမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ်သည် စစ်တွေဆိပ်ကမ်း ဖောင်တော်ကြီး ဆိပ်ခံတံတားသို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဝန်ကြီးချုပ်အား စစ်တွေဆိပ်ကမ်း ရှင်းလင်းဆောင်ဦး မြန်မာ့ဆိပ်ကမ်းအာဏာပိုင် ဦးဆောင်ညွှန်ကြားရေးမှူး ဦးသိန်းဌေးက ဖောင်တော်ကြီး ကွန်ကရစ်တံတား အပါအဝင် သင်္ဘောကြီးများ ဆိုက်ကပ်နိုင်သည့် အတွင်းကျောက်ချရပ်နားစခန်း၊ အပြင်ကျောက်ချရပ်နားစခန်းနှင့် တံတားများ အခြေအနေ၊ သွင်းကုန်ပို့ကုန်လုပ်ငန်းများ ကိုင်တွယ် ဆောင်ရွက်နိုင်မှုနှင့် ဝင်ငွေရရှိမှု၊ မြန်မာ–အိန္ဒိယ နှစ်နိုင်ငံအကြား ပလက်ဝ(နယ်စပ်) ကားလမ်းနှင့် ကုလားတန်မြစ်ကြောင်း ပြုပြင်ရေး စီမံကိန်းဆိုင်ရာ အခြေအနေများကို ရှင်းလင်းတင်ပြပြီး ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင့်ဆွေတို့က ဖြည့်စွက်ရှင်းလင်း တင်ပြကြရာ နိုင်ငံတော်ဝန်ကြီးချုပ်က ဒေသဖွံ့ဖြိုးရေးကို အထောက်အကူပြုသည့် လုပ်ငန်းများဖြစ်၍ စနစ်တကျ ဆောင်ရွက်ကြရန် မှာကြားသည်။

စာမျက်နှာ ၁၀ ကော်လံ ၁ သို့ ●

ကြည့်ရှုစစ်ဆေး

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် စစ်တွေမြို့ (ခုတင်–၂၀၀)ဆံ့ အထွေထွေရောဂါကုဆေးရုံကြီးတွင် ကြည့်ရှုစစ်ဆေးစဉ်။
(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၁၈–၂–၂၀၀၈ (တနင်္လာနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ **အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်**
၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
၇:၅၀ ၅။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
၈:၀၅ ၆။ ချစ်စရာ့အရွယ်ကကြိုးသွယ်
၈:၁၅ ၇။ အတီးပြိုင်ပွဲ
၈:၃၀ ၈။ International News.
၈:၄၅ ၉။ Grammar Made Easy.
၉:၀၀ ၁၀။ အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၄:၃၀ ၃။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ – တတိယနှစ် (သမိုင်းအထူးပြု) (သမိုင်း)
၄:၄၅ ၄။ ၂၀၀၈ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဘာသာရပ်ဆိုင်ရာ သင်ခန်းစာများ (သင်္ချာဘာသာရပ်)
၅:၁၀ ၅။ အကပဒေသာ
၅:၂၅ ၆။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာ အဆိုအကများ
၅:၃၅ ၇။ **“မင်းမသိသေးပါဘူးကွာ” (ရော၊ ငှက်ပျောကြော်၊ ချစ်စရာ၊ ကြူကြူသင်း၊ အေးအေးခိုင်) (ဒါရိုက်တာ–ဆွေဇင်ထိုက်)**
၅:၄၅ ၈။ တေးဂီတအစီအစဉ် (မြန်မာ့အသံခေတ်ပေါ်တေးဂီတအဖွဲ့ ဖျော်ဖြေခန်း)
၆:၀၀ ၉။ ညနေခင်းသတင်း
၆:၃၀ ၁၀။ မိုးလေဝသအခြေအနေ
၆:၃၅ ၁၁။ အလှရှာမယ်လှကမ္ဘာဝယ်
၇:၀၅ ၁၂။ တေးဂီတအစီအစဉ်
၇:၂၀ ၁၃။ **နိုင်ငံခြားဇာတ်လမ်းတွဲ “မြူခိုးဝေဝေ ချစ်သက်တည်” (အပိုင်း–၂၄) (ဇာတ်သိမ်းပိုင်း)**
၈:၀၀ ၁၄။ ပြည်တွင်းသတင်း
၁၅။ နိုင်ငံတကာသတင်းများ
၁၆။ မိုးလေဝသအခြေအနေ
၁၇။ **နိုင်ငံခြားဇာတ်လမ်းတွဲ “မေတ္တာမျဉ်းပြိုင်” (အပိုင်း–၄)**
၁၈။ နောက်တစ်နေ့အစီအစဉ်
၁၉။ အစီအစဉ်ပြီး၏။

● စာမျက်နှာ ၉ မှ

ယင်းနောက် ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် စစ်တွေမြို့ရှိ ရှုခင်းသာသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ပြည်သူများ စိတ်နှလုံးချမ်းမြေ့စွာ အပန်းဖြေနိုင်ရေးအတွက် ကမ်းခြေသာယာလှပအောင် ပြုပြင်ဆောင်ရွက်ကြရေး မှာကြားသည်။

ရှင်းလင်းတင်ပြ

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ်သည် စစ်တွေတက္ကသိုလ်ဘက်စုံ ပင်မသုံးထပ်ဆောင် တည်ဆောက်ရေးစီမံကိန်းရှင်းလင်းဆောင်သို့ ရောက်ရှိရာ စစ်တွေတက္ကသိုလ် ပါမောက္ခချုပ် ဦးဘရွှေကစစ်တွေတက္ကသိုလ်၏ သမိုင်းအကျဉ်းချုပ်၊ သင်ကြားပို့ချနေသည့် အထူးပြုဘာသာရပ်များ၊ မြို့နယ်များအလိုက် ကျောင်းသားဦးရေ၊ တက္ကသိုလ်ပင်မသုံးထပ်ဆောင် တည်ဆောက်မှုအခြေအနေနှင့်တက္ကသိုလ်၏ သင်ကြားစီမံကိန်းရပ်များကို ရှင်းလင်းတင်ပြရာ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးညွန့်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်က လိုအပ်သည်များကို ညှိနှိုင်းဆောင်ရွက်ပေးပြီး ဆရာ၊ ဆရာမများကို မှာကြားရာတွင် ဒေသအားလုံးတွင် နေထိုင်ကြသည့် လူငယ်လူရွယ်များအတွက် ပညာရေးအဆင့်အတန်း တိုးတက်မြင့်မားလာအောင်၊ ပညာသင်ယူမှု လွယ်ကူချောမွေ့အောင် နိုင်ငံတော်က စီမံဆောင်ရွက်ပေးထားပြီး ဖြစ်သည့်အတွက် ဒေသနေလူငယ်လူရွယ်များနှင့် မိဘများကလည်း ဖြစ်ပေါ်လာသည့် အခွင့်အလမ်းများကို အပြည့်အဝ ရယူနိုင်အောင် စည်းရုံးဆောင်ရွက်ကြရေး၊ လူငယ်လူရွယ်များအား အတတ်ပညာသာမက နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်နှင့် ပြည်ထောင်စုတိုင်းရင်းသားအားလုံး အေးအတူပူအမျှ လက်တွဲနေထိုင်လိုသည့် စိတ်ဓာတ်များ ရှင်သန်တိုးပွားလာအောင် လေ့ကျင့်သင်ကြားပေးရေးတို့ကို မှာကြားသည်။

ယင်းနောက် ဝန်ကြီးချုပ်သည် ဆရာ၊ ဆရာမများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ပြီး ပင်မသုံးထပ်ဆောင် တည်ဆောက်ရေး လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။

ညပိုင်းတွင် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် စစ်တွေမြို့ရှိ လောကာနန္ဒာ စေတီတော်မြတ်ကြီးသို့ သွားရောက်ဖူးမြော် ကြည်ညိုကြရာ စေတီတော်ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးညိုသာထွန်းနှင့် ဂေါပကအဖွဲ့ဝင်များက ကြိုဆိုကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် လောကာနန္ဒာစေတီတော်မြတ်ကြီးလိုဏ်အတွင်း၌ ကိန်းဝပ်စံပယ်တော်မူလျက်ရှိသော ကကုသန်ဗုဒ္ဓရုပ်ပွားတော်မြတ်အား ပန်း၊ ရေချမ်းတို့ဖြင့်ကပ်လှူပူဇော်၍ ဖူးမြော်ကြည်ညိုကြပြီး စေတီတော်ကြီး ဘက်စုံပြုပြင်မွမ်းမံရေးအတွက် အလှူငွေများကို ပေးအပ်လှူဒါန်းကာ စေတီတော်အတွင်း လက်ယာရစ်တစ်ပတ် လှည့်လည်ကြည်ညို၍ ဧည့်သည်တော်မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုးကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် အောင်စကြာမုနိသိမ်တော်မြတ်ကြီးအတွင်း၌ ကိန်းဝပ်စံပယ်လျက်ရှိသည့် အောင်စကြာမုနိရုပ်ပွားတော်မြတ်အား ပန်း၊ ရေချမ်းတို့ဖြင့် ကပ်လှူပူဇော်၍ ဖူးမြော်ကြည်ညိုပြီး အလှူငွေများ ထည့်ဝင်လှူဒါန်းကြသည်။ (သတင်းစဉ်)

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာရှိ ဗုဒ္ဓဂယာမြန်မာကျောင်းဝင်းအတွင်း တိုးချဲ့မြေနှစ်ဧက၌ သံဃာ့သုခသုံးထပ်ကျောင်းဆောင်နှင့် အခြားသောသာသနိက အဆောက်အအုံများ ဆောက်လုပ်ရန်အတွက် ကွယ်လွန်သူ ဘိုးဘွားမိဘများ၊ ညီများအားရည်စူး၍ ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် ကျီတော်ရပ်ကွက် ကျီတော်လမ်းနေ ဦးလှသိန်း-ဒေါ်လွင်လွင်မိ၊ သမီး မခိုင်ဇာငြိမ်း၊ သား မောင်ဝင်းဇော်ဦး မိသားစုက အလှူငွေကျပ်တစ်သိန်းကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်းကျောင်းလမ်းနှင့် အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်း အမှူးဆောင်ဆရာတော် (ဆိပ်ဖြူ)အရှင်ကုမာရ M.A (Thesis) (မဟာဓမ္မာစရိယ) ထံ ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

ဖေဖော်ဝါရီ ၁၇ရက်တွင် ကျင်းပသည့် ရန်ကုန်မြောက်ပိုင်းခရိုင် မင်္ဂလာဒုံမြို့နယ် ထောက်ကြန့်မြို့နယ်ရှိ ရှေးဟောင်းသမိုင်းဝင် ဓမ္မသိဒ္ဓိကလိုင်ထော်စေတီတော်၏ နဝမအကြိမ် ဗုဒ္ဓပူဇနိယပွဲတော်နှင့် မဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲ အခမ်းအနားတွင် မင်္ဂလာဒုံမြို့နယ် ပညာရေးမိသားစုများ ကိုယ်စား အမှတ်(၃) အခြေခံပညာ အထက်တန်းကျောင်း ကျောင်းအုပ် ဆရာမကြီး ဒေါ်ခင်မေသိန်းက အလှူငွေကျပ် ၄၅၀၀၀၀ ကို ပေးအပ်လှူဒါန်းရာ စေတီတော်ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးကိုတိုးက လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်စဉ်။ (သတင်းစဉ်)

အားကစား မြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင် မူးယစ်ဆေး

အမျိုးသားပြိုင်ပွဲ၌ Furious အသင်းနှင့် Filipino အသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။ (ကြေးမုံ)

Horizon League ဘတ်စကက်ဘောပြိုင်ပွဲ

ရန်ကုန် ဖေဖော်ဝါရီ ၁၇

မြန်မာနိုင်ငံ ဘတ်စကက်ဘောအဖွဲ့ချုပ်နှင့် Horizon Int'l Education Center တို့ပူးပေါင်းကျင်းပသည့် ၂၀၀၇-၂၀၀၈ ရာသီ Horizon League ဘတ်စကက်ဘောပြိုင်ပွဲကို ယနေ့မွန်းလွဲပိုင်းက ကျိုက္ကဆံ မိုးလုံလေလုံအားကစားရုံတွင် ဆက်လက်ကျင်းပသည်။

ပြိုင်ပွဲတွင် WHOအသင်းက Shadows အသင်းကို (၂၀-၀)မှတ်၊ Blue Boy အသင်းက Last Vampire အသင်းကို (၆၀-၃၅) မှတ်၊ Furious အသင်းက Filipinoအသင်းကို (၈၀-၆၆)မှတ်တို့ဖြင့် အသီးသီးအနိုင်ရရှိသွားကြသည်။ အဆိုပါပြိုင်ပွဲများအပြီးတွင် အမျိုးသားပြိုင်ပွဲ၌ KKS အသင်းက ငါးပွဲကစား ငါးပွဲနိုင်ဖြင့် ထိပ်ဆုံးမှ ဦးဆောင်နေပြီး Cow Boy နှင့် Red Star တို့က လေးပွဲကစား လေးပွဲနိုင်ဖြင့်နောက်မှလိုက်နေကြသည်။အမျိုးသမီးပြိုင်ပွဲတွင်Kandawglay အသင်းနှင့် SKY တို့က နှစ်ပွဲကစား၊ နှစ်ပွဲနိုင်ကာ ထိပ်ဆုံးမှ ရပ်တည်နေကြသည်။

ပြိုင်ပွဲများကို ဖေဖော်ဝါရီ ၂၄ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်သည်။ (ကြေးမုံ)

ရန်ကုန်တိုင်း လှိုင်သာယာမြို့နယ် အမှတ် (၁၃)ရပ်ကွက် ရပ်မိရပ်ဖ အလှူရှင်များက ရပ်ကွက်အရန်မီးသတ်တပ်ဖွဲ့သို့ မီးဘေးကြိုတင်ကာကွယ်တားဆီးရေးအတွက် ရေစုပ်စက်နှစ်လုံး ပိုက်ကိရိယာပစ္စည်းစုံ ပေးအပ်လှူဒါန်းပွဲနှင့် မီးဘေးကြိုတင်ကာကွယ်ရေး သတိပေးဆိုင်းဘုတ်ဖွင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၂၀ရက်က ဗိုလ်အောင်ကျော်လမ်းနှင့် သခင်မြလမ်းထောင့် ပင်လုံဈေးရှေ့တွင်ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်သိန်းမောင် ဖဲကြိုးဖြတ်ဖွင့်လှစ်စဉ်။ (၃၂၉)

သဒ္ဓမ္မကာရီသုံးထပ်ကျောင်းဆောင်သစ် ရေစက်ချမင်္ဂလာကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၁၇

ရန်ကုန်အရှေ့ပိုင်းခရိုင် မင်္ဂလာတောင်ညွန့်မြို့နယ် မင်္ဂလာတောင်ညွန့်ရပ်ကွက် ကျောင်းလမ်းရှိ ကမ္ဘောဇမင်္ဂလာဝါဆိုကျောင်းဆရာတော် ဘဒ္ဒန္တတေဇနိယ၏ ဩဝါဒကိုခံယူကာ ခုနစ်ရက်သားသမီးအလှူရှင်များ စုပေါင်းဆောက်လုပ်လှူဒါန်းသော သဒ္ဓမ္မကာရီသုံးထပ်ကျောင်းဆောင်သစ်ကြီး ရေစက်ချအလှူတော်မင်္ဂလာ အခမ်းအနားကို ဖေဖော်ဝါရီ ၁၇ရက် နံနက် ၉နာရီက အဆိုပါကျောင်းဆောင်သစ်ကြီး၌ ကျင်းပရာ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့အဖွဲ့ဝင် ပဲခူးမြို့ ကံထူးဓမ္မရိပ်သာကျောင်းဆရာတော် ဘဒ္ဒန္တဝါယမ(မဟာဂန္ထဝါစကပဏ္ဍိတ)ဆရာတော်ကြီးထံမှ ပရိသတ်များက ငါးပါးသီလခံယူဆောက်တည်ကြပြီး **(အောက်ပုံ)** သံဃာတော်အရှင်သူမြတ်များက ပရိတ်တရားတော်များ ချီးမြှင့်တော်မူကြသည်။ ထို့နောက် ပင့်သံဃာတော်အပါး ၅၀တို့အား အလှူရှင်များက သင်္ကန်းအစရှိသော လှူဖွယ်ဝတ္ထုအစုစုတို့ကို ဆက်ကပ်လှူဒါန်းကြပြီးနောက် ဗီဒီယိုသရုပ်ဆောင်နှင့် နိုင်ငံကျော်အဆိုတော် ပန်းအိဖြူက စောင်းဦးအောင်သန်းနှင့် တွဲဖက်လျက် ကျောင်းလှူတတ်ပူဇာဂုဏသဘာရှစ်ဆယ်ပေါ် တေးထပ်ကို ရွတ်ဆိုပူဇော်သည်။ (၃၁၄)

အမျိုးသား-အမျိုးသမီးတံခွန်စိုက် စစ်တုရင်ပြိုင်ပွဲ

ရန်ကုန် ဖေဖော်ဝါရီ ၁၇

၂၀၀၈ခုနှစ် အမျိုးသားတံခွန်စိုက်နှင့် အမျိုးသမီးတံခွန်စိုက်စစ်တုရင်ပြိုင်ပွဲကို ဖေဖော်ဝါရီ ၂၈ရက်မှ မတ် ၉ရက်အထိ မြန်မာနိုင်ငံစစ်တုရင်အဖွဲ့ချုပ်တွင် ကျင်းပမည်ဖြစ်သည်။

အမျိုးသားတံခွန်စိုက်ပြိုင်ပွဲတွင် ၂၀၀၇ခုနှစ် မြန်မာ့လက်ရွေးစင်လေးဦး၊ ၂၀၀၈ခုနှစ် မြန်မာအိုးပင်းမှ လက်ရည်စစ်အောင်မြင်သူ ၁၂ဦးတို့သာ ဝင်ရောက်ခွင့်ရရှိမည်ဖြစ်ပြီး ပါဝင်ယှဉ်ပြိုင်မည့် အားကစားသမားများသည် ဖေဖော်ဝါရီ ၂၇ရက် မွန်းလွဲ ၂နာရီတွင် ပြုလုပ်မည့် အားကစားသမားများအစည်းအဝေးသို့ မပျက်မကွက် တက်ရောက်ကြရမည်ဖြစ်သည်။အမျိုးသမီးတံခွန်စိုက်ပြိုင်ပွဲတွင် မည်သူမဆို ပါဝင်ယှဉ်ပြိုင်နိုင်ပြီး အောင်ဆန်းအားကစားပြိုင်ဝင်းအထူးတန်းရှိ မြန်မာနိုင်ငံစစ်တုရင်အဖွဲ့ချုပ်ရုံးခန်းသို့ ဖေဖော်ဝါရီ ၂၇ရက် နောက်ဆုံးထား၍ ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ (ကြေးမုံ)

ပြည်နယ်နှင့်တိုင်းစက်ဘီးပြိုင်ပွဲဖွင့်လှစ်

ရန်ကုန် ဖေဖော်ဝါရီ ၁၇

၂၀၀၈ခုနှစ် (၃၈)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း စက်ဘီးပြိုင်ပွဲ ဖွင့်ပွဲကို ယမန်နေ့နံနက် ၈ နာရီက သုဝဏ္ဏစက်ဘီးကွင်းတွင် ကျင်းပသည်။

ဖွင့်ပွဲအခမ်းအနားတွင် ရှေးဦးစွာ ယမန်နှစ်ချန်ပီယံ ရန်ကုန်တိုင်းအမျိုးသားအသင်းနှင့် ဧရာဝတီတိုင်း အမျိုးသမီးအသင်းတို့က အား/ကာ ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်ထံ တံခွန်စိုက်ဒိုင်းများ ပြန်လည်အပ်နှံကြသည်။ ထို့နောက် အားကစားဝန်ကြီးဌာန ဝန်ကြီးကိုယ်စား မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး၊ အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်က အဖွင့်အမှာစကားပြောကြားပြီး ပြိုင်ပွဲကိုဖွင့်လှစ်ပေးသည်။ ဆက်လက်၍ ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိပုဂ္ဂိုလ်များက ပြိုင်ပွဲဝင်အသင်းများအား လိုက်လံနှုတ်ဆက်ကြသည်။

အဆိုပါပြိုင်ပွဲတွင် မီတာ ၁၂၀၀ အိုလံပစ် အမြန်စီးပြိုင်ပွဲ၊ မီတာ ၄၀၀၀ အသင်းချင်းအမီလိုက်ပြိုင်ပွဲ၊ တစ်ဦးချင်း အမီလိုက်ပြိုင်ပွဲ၊ မီတာ ၈၀၀၊ ၁၆၀၀၊ ၄၈၀၀ အုပ်စုတစ်ဦးချင်း ပြိုင်ပွဲများနှင့် တာဝေးပြိုင်ပွဲတို့ ထည့်သွင်းကျင်းပနေပြီး အသင်းပေါင်း ၁၁ သင်း ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိသည်။ (ကြေးမုံ)

မီတာ ၁၆၀၀ အုပ်စုတစ်ဦးချင်းလူရွေးပွဲ၌ ပြိုင်ပွဲဝင်များ အကြိတ်အနယ်ယှဉ်ပြိုင်နေစဉ်။ (ကြေးမုံ)

အလုပ်သမားဝန်ကြီးဌာန မြန်မာ့ရိုးရာထမနဲထိုး ပြိုင်ပွဲကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၁၇

အလုပ်သမားဝန်ကြီးဌာန မြန်မာ့ရိုးရာထမနဲထိုးပြိုင်ပွဲကို ဖေဖော်ဝါရီ ၁၆ ရက် ညနေပိုင်းတွင် နေပြည်တော်ရှိ လူမှုဖူလုံရေးအဖွဲ့ ဆေးခန်းရှေ့၌ ကျင်းပရာ အလုပ်သမားဝန်ကြီးဌာန ဝန်ကြီး ဦးအောင်ကြည်၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်တင်ထွန်းအောင်၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့် ဝန်ထမ်းမိသားစုများ တက်ရောက်အားပေးကြသည်။

အဆိုပါပြိုင်ပွဲတွင် ပထမဆု ဗဟိုပြည်တွင်းကုန်တင်ကုန်ချကော်မတီရုံး၊ ဒုတိယဆု အလုပ်ရုံနှင့်အလုပ်သမား ဥပဒေစစ်ဆေးရေးဦးစီးဌာန၊ တတိယဆု အလုပ်သမားဝန်ကြီးဌာန ဝန်ကြီးရုံးနှင့် ဗဟိုဝါဏိဇ္ဇပဋိပက္ခမှုကော်မတီရုံး၊ နှစ်သိမ့်ဆု အလုပ်သမားညွှန်ကြားရေးဦးစီးဌာနနှင့် လူမှုဖူလုံရေးအဖွဲ့တို့က ရရှိကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

အလုပ်သမား ဝန်ကြီးဌာန ဝန်ထမ်းမိသားစု၏ မြန်မာ့ရိုးရာ ထမနဲထိုးပြိုင်ပွဲကို ကျင်းပစဉ်။ (သတင်းစဉ်)

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်တွင်းအခွန်များ ဦးစီးဌာန ဝန်ထမ်းရေးရာနှင့် သင်တန်းဌာနခွဲ၏ စာရေးဝန်ထမ်း အရည်အချင်းမြှင့် မွမ်းမံသင်တန်း (၂/၂၀၀၇) ဆင်းပွဲကို ဇန်နဝါရီ ၂၅ ရက်က ပန်းဆိုးတန်းလမ်းရှိ ပြည်တွင်းအခွန်များဦးစီးဌာန သင်တန်းခန်းမ၌ ကျင်းပရာ ပြည်တွင်းအခွန်များ ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဆန်းမြင့် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

တတိယအကြိမ် သုတစွယ်စုံစာပေဆုချီးမြှင့်ပွဲ အခမ်းအနားကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၁၇

မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့၏ ကြီးကြပ်မှုဖြင့် Swesone Media Group ၏ သုတစွယ်စုံ စာပေတိုက်က ကျင်းပသည့် တတိယအကြိမ် သုတစွယ်စုံ(၂၀၀၆) စာပေဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့မွန်းလွဲ ၂နာရီခွဲတွင် ရန်ကုန်မြို့ တာမွေမြို့နယ် နတ်မောက်လမ်းရှိ ဟိုတယ်နီကိုး၌ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာနမှ ဌာနဆိုင်ရာအကြီးအကဲများ၊ မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်း အဖွဲ့ဥက္ကဋ္ဌနှင့် ဗဟိုအမှုဆောင်ကော်မတီဝင်များ၊ စာပေပညာရှင်များ၊ သုတစွယ်စုံ စာပေဆုရွေးချယ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ Swesone Media Group ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ စာပေဆုရရှိကြသူများနှင့် အထူးဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

Swesone Media Group ဥက္ကဋ္ဌ ဒေါက်တာတင်ထွန်းဦးက မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့အတွက် ငွေကျပ်ငါးသိန်းကို အဖွဲ့ဥက္ကဋ္ဌ ဦးလှမြိုင်(ကိုဆောင်း) ထံ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ရှေးဦးစွာ Swesone Media Group ဥက္ကဋ္ဌ ဒေါက်တာ တင်ထွန်းဦးက သုတစွယ်စုံစာပေဆု ချီးမြှင့်ရခြင်း၏ ရည်ရွယ်ချက်ကိုလည်းကောင်း၊ ဆုရွေးချယ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးသန့် (မောင်ဆုရှင်)က ဆုရစာအုပ်များအပေါ် အကဲဖြတ်ရွေးချယ်မှု အဆင့်ဆင့်ကို လည်းကောင်း ရှင်းလင်းပြောကြားကြသည်။ ထို့နောက် သုတစွယ်စုံစာပေဆုများကို ချီးမြှင့်ရာ သုတစွယ်စုံ တစ်သက်တာ စာပေဆုရ ဦးမျိုးသန့် (မောင်ဆုရှင်)၊ 'သေတစ်နေ့မွေးတစ်နေ့' စာအုပ်ဖြင့် စာပဒေသာဘာသာရပ်ဆုရ နှောင်စစ်သည်၊ 'အကြွင်းမဲ့ ခေါင်းဆောင်မှု' သဘောတရားစာအုပ်ဖြင့် ဘာသာပြန် ဘာသာရပ်ဆုရ မောင်မြင့်ကြွယ်၊ 'ကမ္ဘာ့စစ်မှုရေးရာ အပိုင်းအစများ' စာအုပ်ဖြင့် နိုင်ငံတကာရေးရာ ဘာသာရပ်ဆုရ ရဲရင့်တင့်ဆွေ၊ 'ပညာမတတ်သောပညာရှိ၊ ပညာမရှိသော ပညာတတ်' စာအုပ်ဖြင့် လူငယ်စာပေ ဘာသာရပ်ဆုရ နေဇင်လတ်၊ 'စစ်မီးမငြိမ်း မြက်မစိမ်းနိုင်သည့်မြေ' စာအုပ်ဖြင့် ဝိဇ္ဇာဘာသာရပ်ဆုရ ဒေါက်တာ မတင်ဝင်း၊ (အနုစိတ်သိသမျှ 'ရုပ်လောက' စာအုပ်ဖြင့် သိပ္ပံဘာသာရပ်ဆုရ ဘိုးလှိုင်၊ 'သဘာဝမှရသော ကျန်းမာသုခ' စာအုပ်ဖြင့် အသုံးချသိပ္ပံ ဘာသာရပ်ဆုရ ဒေါက်တာခင်မောင်လွင် (FAME)၊ 'ဂလိုဘယ်လိုက်ဇေးရှင်း ငွေကြေးဈေးကွက် အတွေးအမြင်' စာအုပ်ဖြင့် လူမှုစီးပွားဘာသာရပ်ဆုရ ခင်မောင်ညို (ဘောဂဗေဒ) နှင့် 'အရှေ့တောင်အာရှ အနုသုခုမလက်ရာများ' အဘိဓာန်စာအုပ်ဖြင့် ရည်ညွှန်းစာပေဘာသာရပ်ဆုရ တောင်ခိုးတို့အား ဌာနဆိုင်ရာ အကြီးအကဲများ၊ မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌနှင့် Swesone Media Group ဥက္ကဋ္ဌတို့က ဂုဏ်ပြုဆုများကို ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် Swesone Media Group ဥက္ကဋ္ဌ ဒေါက်တာတင်ထွန်းဦးက မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့အတွက် ငွေကျပ်ငါးသိန်းကို အဖွဲ့ဥက္ကဋ္ဌ ဦးလှမြိုင် (ကိုဆောင်း) ထံ ပေးအပ်လှူဒါန်းပြီး ဆုရွေးချယ်ရေးအဖွဲ့ဝင်များအား လက်ဆောင်ပစ္စည်းများ ပေးအပ်သည်။

(သတင်းစဉ်)

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌဒိုင်း မြို့နယ်ပေါင်းစုံ မြန်မာ့ရိုးရာခြင်းလုံးခတ် ပြိုင်ပွဲ ဆုချီးမြှင့်ပွဲကျင်းပစဉ်။ (သတင်းစဉ်)

အထက(၁)အလုံ မြတ်ဆရာပူဇော်ပွဲ

ရန်ကုန် ဖေဖော်ဝါရီ ၁၇

အလုံမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းတွင် ပညာသင်ကြားပေးခဲ့သော အသက် ၅၅နှစ်အထက် လုပ်သက် ၂၅နှစ်ပြည့် ဆရာကြီး၊ ဆရာမကြီးများအား ကျောင်းသား၊ ကျောင်းသူဟောင်းများက စတုတ္ထအကြိမ် ပူဇော်ပွဲ အခမ်းအနားကို မတ် ၂၀ ရက် (တပေါင်းလပြည့်နေ့) သောကြာနေ့ နံနက် ၁၀နာရီတွင် အဆိုပါကျောင်းခန်းမ၌ ကျင်းပမည်ဖြစ်ရာ ဆရာကြီး၊ ဆရာမကြီးများ ကြွရောက်ချီးမြှင့်ကြပါရန်နှင့် ကျောင်းသား၊ ကျောင်းသူဟောင်းများ မပျက်မကွက် ကြွရောက်ကြရန် ဖိတ်ကြားထားသည်။

လှူဒါန်းပူဇော်လိုသော ကျောင်းသား၊ ကျောင်းသူများသည် ကျောင်းအုပ်ဆရာမကြီး ဒေါ်စိန်စိန်တင် ဖုန်း–၂၂၀၅၉၈၊ ဒေါ်ခင်စောဦး၊ ဒေါ်လားမိ၊ ဒေါ်ခင်ခင်ရီ၊ ဒေါ်မြမြသန်း၊ ဆရာမ ဒေါ်မြင့်မြင့်စိန် ဖုန်း–၅၁၀၆၆၉၊ ဒေါက်တာ ဒေါ်လွင်လွင်ဦးလှိုင် ဖုန်း–၀၉၅၁၄၅၀၂၁၊ ကိုအောင်ကျော်သန်း ဖုန်း–၀၉၅၀၀၆၇၁၁၊ မသီတာထွေး ဖုန်း–၀၉၅၁၁၃၂၂၊ စောထီးဆက် ဖုန်း–၇၀၄၀၄၂ တို့သို့ထံ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။(က–ပ)

ရန်ကုန်တိုင်း မြို့နယ်ပေါင်းစုံ မြန်မာ့ရိုးရာခြင်းလုံးခတ်ပြိုင်

ရန်ကုန် ဖေဖော်ဝါရီ ၁၇

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌဒိုင်း မြို့နယ်ပေါင်းစုံ မြန်မာ့ရိုးရာ ခြင်းလုံးခတ်ပြိုင်ပွဲကို ဖေဖော်ဝါရီ ၁၆ ရက်မှ ၁၇ ရက်အထိ ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ် ပဒေသာ အားကစားခန်းမ၌ ကျင်းပရာ ရန်ကုန်တိုင်းအတွင်းရှိ မြို့နယ်ပေါင်း ၁၀ မြို့နယ်မှအသင်းများ ဝင်ရောက်ယှဉ်ပြိုင်ကြသည်။

ပြိုင်ပွဲတွင် မြောက်ဥက္ကလာပမြို့နယ်အသင်းက တတိယဆု၊ သာကေတမြို့နယ်အသင်းက ဒုတိယဆုနှင့် လှိုင်သာယာမြို့နယ်အသင်းက ပထမဆုတို့ကို အသီးသီး ဆွတ်ခူးရရှိပြီး တက်သစ်စမြို့နယ်ဆုကို ခရမ်းမြို့နယ်အသင်းကလည်းကောင်း၊ တက်သစ်စဆုကို လှိုင်သာယာမြို့နယ်အသင်းမှ မောင်မြင့်မြတ်ကျော်နှင့် အကောင်းဆုံးအားကစားသမားဆုကို သာကေတမြို့နယ်အသင်းမှ မောင်မြငြိမ်းတို့က လည်းကောင်း ဆွတ်ခူးရရှိကြသည်။

တံခွန်စိုက်ဒိုင်းဆွတ်ခူးရရှိသော လှိုင်သာယာမြို့နယ်အသင်းအား ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌကိုယ်စား ရန်ကုန်တိုင်းခြင်းလုံးဆပ်ကော်မတီဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့က တံခွန်စိုက်ဒိုင်းဆုကြီးကို ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။ (သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၈–၂–၂၀၀၈ (တနင်္လာနေ့)

AM & PM	
၇း၀၀–၁း၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇း၀၅–၁း၀၅	"ရတနာသုံးပါးတန်ခိုး"တရားတော် (သီတဂူဆရာတော် ဒေါက်တာအရှင်ဉာဏိဿရ)
၈း၁၀–၂း၁၀	Soccer Update
၈း၂၅–၂း၂၅	တေးဂီတအစီအစဉ်
၈း၃၀–၂း၃၀	စုပေါင်းအလှူကုသိုလ်ယူ မဟာဒုက်ဆွမ်းနိဗ္ဗာန်လှမ်း
၈း၅၅–၂း၅၅	သဘာဝကပေးတဲ့အကျိုးအာနိသင်
၉း၁၅–၃း၁၅	ပြည်တွင်းသတင်းအကျဉ်း
၉း၂၅–၃း၂၅	တေးဂီတအစီအစဉ်
၉း၃၀–၃း၃၀	ကားချစ်သူတို့အတွက် ကားမိတ်ဆက်ကဏ္ဍ–၂
၉း၄၀–၃း၄၀	နိုင်ငံတကာသတင်းအကျဉ်း
၉း၄၅–၃း၄၅	တေးဂီတအစီအစဉ်
၉း၅၀–၃း၅၀	MRTV-4 စာအုပ်စင်ကဏ္ဍ (စာရေးဆရာဝင်းသိန်းဦးနှင့် တွေ့ဆုံခြင်း)
၁၀း၁၀–၄း၁၀	မိုးလေဝသခန့်မှန်းချက်
၁၀း၁၅–၄း၁၅	တေးဂီတအစီအစဉ်
၁၀း၂၅–၄း၂၅	စီးပွားဖြစ်သစ်ခွစိုက်ကြရအောင်
၁၀း၄၀–၄း၄၀	ပြည်တွင်းသတင်းအကျဉ်း
၁၀း၅၀–၄း၅၀	တေးဂီတအစီအစဉ်
၁၀း၅၅–၄း၅၅	ဆန်းသစ်တီထွင်ဒီဇိုင်းဖက်ရှင် (ဒီဇိုင်နာငုဝါလှိုင်နှင့်တွေ့ဆုံခြင်း)
၁၁း၃၀–၅း၃၀	နိုင်ငံတကာသတင်းအကျဉ်း
၁၁း၃၅–၅း၃၅	**ငွေကြေးကိစ္စမှန်သမျှ ဘဏ်ကိုသာအားကိုးကြ (ခန့်စည်သူ၊ ဖြိုးငွေစိုး၊ မင်းရာဇာ၊ ပုလဲဝင်း၊ သဇင်၊ဖူးစုံ၊ အရိုင်း) (ဒါရိုက်တာမြင့်စိုး–ဝ/သ)**
၁၂း၀၀–၆း၀၀	MRTV-4 ကျန်းမာရေးကဏ္ဍ **(လေးဘက်နာရောဂါနှင့် လေးဘက်နာနှလုံးရောဂါအကြောင်း) (ပါမောက္ခဦးလှမြင့်ထွန်းနှင့် တွေ့ဆုံခြင်း)**
၁၂း၁၅–၆း၁၅	တေးဂီတအစီအစဉ်
၁၂း၂၀–၆း၂၀	ဘူးခါးပေါ်မှ စိတ်ကူးလက်ရာ
၁၂း၂၅–၆း၂၅	အနုပညာရပ်ဝန်းမှ ရင်ခုန်သံများ 'အနုပညာကြယ်ပွင့်သစ် မွေးဖွားလာခြင်း'
၁၂း၅၀–၆း၅၀	ထူးထူးခြားခြားရာသီဥတုဖြစ်စဉ်များ
၁း၀၀–၇း၀၀	MRTV-4 အပိတ် Logo

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

ထူးထူးခြားခြား တိုးတက်အောင်မြင်နေသော မြန်မာတီထွင်သူများ သမဝါယမအသင်း

သတင်းဆောင်းပါး –
အထက်မင်းလှညွန့်အောင်၊
ဓာတ်ပုံ – သမဝါယမ

၁၉၀၅ ခုနှစ်တွင် စစ်ကိုင်းခရိုင် မြင်းမူမြို့ ငွေစုငွေချေး သမဝါယမအသင်းမှ စတင်ခဲ့သော မြန်မာ့သမဝါယမ၏ သက်တမ်းသည် ယခုအခါ ၁၀၃ နှစ် ပြည့်ခဲ့ပြီဖြစ်သည်။

မြန်မာနိုင်ငံတွင် စိုက်ပျိုးမွေးမြူရေး ကုန်ထုတ်သမဝါယမအသင်း၊ စက်မှုကုန်ထုတ် သမဝါယမအသင်း၊ အထည်ချုပ်လုပ်ငန်း သမဝါယမအသင်း၊ သတ္တုလုပ်ငန်း သမဝါယမအသင်း၊ ကျောက်မျက်ရတနာရောင်းဝယ်ရေး လုပ်ငန်းသမဝါယမအသင်း၊ စားသောက်ကုန်လုပ်ငန်း သမဝါယမအသင်း၊ သယ်ယူပို့ဆောင်ရေးလုပ်ငန်း သမဝါယမအသင်း၊ ဆောက်လုပ်ရေးသမဝါယမအသင်း၊ ငွေစုငွေချေး သမဝါယမအသင်း၊ ကျန်းမာရေးစောင့်ရှောက်မှု သမဝါယမအသင်း၊ အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေး သမဝါယမအသင်းများ စသည်ဖြင့် နယ်ပယ်ကဏ္ဍစုံတွင် သမဝါယမလုပ်ငန်းများ ရှိနေသည်။ ယင်းတို့အနက် အောင်မြင်မှုရရှိနေသော မြန်မာတီထွင်သူများ သမဝါယမအသင်း လီမိတက်လည်း အပါအဝင်ဖြစ်သည်။



မြန်မာတီထွင်သူများ သမဝါယမအသင်း လီမိတက်က တီထွင်ထုတ်လုပ်သည့် စပါးခွံဓာတ်ငွေ့ထုတ်စက်ဖြင့် လျှပ်စစ်မီးပေးရေးလုပ်ငန်း ဆောင်ရွက်နိုင်မှုကို တွေ့ရစဉ်။

မြန်မာတီထွင်သူများ သမဝါယမအသင်းလီမိတက်ကို ၁၉၉၆ ခုနှစ် ဩဂုတ်လ ၁၂ရက်နေ့တွင် စတင်ဖွဲ့စည်း တည်ထောင်ခဲ့ပြီး အမှတ်–၂၄(F/D)၊ သန့်စင်လမ်းသွယ်၊ (၃)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၌တည်ရှိကာ စက်ရုံတည်နေရာမှာ အမှတ်(၃/D)၊ လှိုင်မြစ်လမ်း၊ လှိုင်သာယာ စက်မှုဇုန်(၁) အပိုင်း(၆) ဖြစ်သည်။

ရှေးဦးစွာ မြန်မာတီထွင်သူများ သမဝါယမအသင်း လီမိတက် ဥက္ကဋ္ဌ ဦးစိုးတင့်အောင်နှင့် တွေ့ဆုံမေးမြန်းရာတွင်–

"ကျွန်တော်တို့ အသင်းအနေနဲ့ စပါးခွံဓာတ်ငွေ့ ၁၀၀ရာခိုင်နှုန်းအသုံးပြုတဲ့ ဓာတ်ငွေ့ထုတ်စက်နဲ့ဓာတ်ငွေ့သုံး အင်ဂျင်တွေကို အဓိကထားထုတ်လုပ်ပါတယ်။ ဒေသထွက် လောင်စာကုန်ကြမ်းအပေါ်မူတည်ပြီး အုန်းလက်၊ ထင်းစနှင့် ဆီအုန်းခိုင်လွတ်တွေကို လောင်စာအဖြစ် အသုံးပြုနိုင်အောင် ထုတ်လုပ်ပေးပါတယ်။

"သုတေသနပြုလုပ်ချက်အရ ကျောက်မီးသွေးတောင့်မှ Water Gasထုတ်၍ စွမ်းအင်အဖြစ် ပြောင်းလဲအသုံးပြုနိုင်ပြီ ဖြစ်ပါတယ်။ မြန်မာနိုင်ငံဟာ စပါးအဓိကစိုက်ပျိုးတဲ့ နိုင်ငံဖြစ်တဲ့အတွက် စပါးခွံကို ဈေးချိုချိုနဲ့ ပေါပေါများများ ရရှိနိုင်ပါတယ်။ စပါးခွံလောင်စာသုံး ဓာတ်ငွေ့ထုတ်စက်တွေ တီထွင်အသုံးပြုနိုင်တဲ့အတွက် လောင်စာဆီကုန်ကျမှုသက်သာစေပါတယ်။ ကုန်ကျစရိတ်နည်းနည်းနဲ့ အကျိုးရှိရှိ မောင်းနှင် အသုံးပြုနိုင်ပါတယ်။

"မြန်မာတီထွင်သူများ သမဝါယမအသင်းမှထုတ်လုပ်တဲ့ စက်အမျိုးအစားတွေကတော့ စပါးခွံလောင်စာသုံး မြင်းကောင်ရေ ၃၀အားရှိ RH-3၊ မြင်းကောင်ရေ ၇၀အားရှိ RH-7၊ မြင်းကောင်ရေ ၁၀၀အားရှိ RH-10၊ မြင်းကောင်ရေ ၁၅၀အားရှိ RH-15၊ မြင်းကောင်ရေ ၂၀၀အားရှိ RH-20၊ မြင်းကောင်ရေ ၂၅၀ အားရှိ RH-25၊ မြင်းကောင်ရေ ၃၅၀အားရှိ RH-35၊ မြင်းကောင်ရေ ၇၀၀အားရှိ RH-70၊ ထင်းစ၊ အုန်းလက်လောင်စာသုံး မြင်းကောင်ရေ ၂၀၀အားရှိ CH-20၊ မြင်းကောင်ရေ ၃၅၀အားရှိ CH-35 စက်များကို ထုတ်လုပ်လျက်ရှိပါတယ်။ ကျွန်တော်တို့အသင်းက ထုတ်လုပ်တဲ့ Gasifier ဓာတ်ငွေ့ထုတ်စက်များရဲ့ အားသာချက်တွေကတော့ ရိုးရှင်းတဲ့ပုံစံရှိခြင်း၊ လွယ်ကူစွာ တပ်ဆင်နိုင်ခြင်း၊ ကျစ်လျစ်မှုရှိခြင်း၊သက်သောင့်သက်သာ မောင်းနှင်နိုင်ခြင်း၊ ရိုးရှင်းစွာထိန်းချုပ်နိုင်ခြင်း၊ လွယ်ကူစွာ ထိန်းသိမ်းနိုင်ပြီး စိတ်ချစွာ သုံးစွဲနိုင်ခြင်း၊ ရင်းနှီးမြှုပ်နှံမှု နည်းနည်းဖြင့် ထုတ်လုပ်မှုစရိတ် သက်သာစွာ လည်ပတ်နိုင်ခြင်းနဲ့ သဘာဝပတ်ဝန်းကျင်ကို ထိခိုက်မှုမရှိခြင်းတို့ပဲ ဖြစ်ပါတယ်"ဟူ၍ ရှင်းလင်းပြောကြားသည်။

မြန်မာတီထွင်သူများ သမဝါယမအသင်းက ထုတ်လုပ်သည့် ဓာတ်ငွေ့ထုတ်စက်နှင့် ဓာတ်ငွေ့သုံးအင်ဂျင်များကို အသေးစားနှင့် အလတ်စား စက်မှုလုပ်ငန်းများဖြစ်သည့် ဆန်စက်လုပ်ငန်း၊ ဆီစက်လုပ်ငန်း၊ရေခဲစက်လုပ်ငန်း၊သစ်ခွဲစက်လုပ်ငန်း၊ အခြောက်ခံလုပ်ငန်း(ကြာဇံ၊လက်ဖက်ခြောက်)၊ မြစ်ရေတင်လုပ်ငန်းနှင့် လျှပ်စစ်ဓာတ်အားပေးရေးလုပ်ငန်းများမှာ အသုံးချလျက်ရှိကြောင်း သိရှိရသည်။

မြန်မာ တီထွင်သူများသမဝါယမအသင်း လီမိတက် ဥက္ကဋ္ဌ ဦးစိုးတင့်အောင် အသင်းမှ တီထွင် ထုတ်လုပ်သည့် စပါးခွံလောင်စာသုံးဓာတ်ငွေ့ ထုတ်စက်များ အကြောင်း ရှင်းလင်း ပြောကြားစဉ်။

အဆိုပါ သမဝါယမအသင်းအနေဖြင့် လျှပ်စစ်စွမ်းအား ၁၅ ကေဗွီအေမှ ၁၀၀၀ ကေဗွီအေအထိထွက်သောစက်များကို ထုတ်လုပ်နိုင်ကြောင်း သိရသည်။

ဥက္ကဋ္ဌဦးစိုးတင့်အောင်က ဆက်လက်ပြောကြားရာတွင် "ကျွန်တော်တို့ မြန်မာတီထွင်သူများ သမဝါယမအသင်း လီမိတက်က ထုတ်လုပ်တဲ့ စပါးခွံလောင်စာဓာတ်ငွေ့သုံး လျှပ်စစ်ဓာတ်အားပေးစက်များရဲ့ အစွမ်းနဲ့ ရခိုင်ပြည်နယ် သံတွဲမြို့နယ် လင်းသာကျေးရွာတွင် နေ့၊ ည ၂၄ နာရီ လျှပ်စစ်ဓာတ်အားရရှိခဲ့ပြီး မီးထိန်ထိန်လင်းခဲ့ပြီ ဖြစ်ပါတယ်။ စစ်တွေမြို့ပေါ်ရပ်ကွက်များဖြစ်တဲ့ အောင်မင်္ဂလာကုန်တန်း စက်ရုံစု၊ ရှုပမြောက်ရပ်ကွက်တွေမှာ စပါးခွံဓာတ်ငွေ့ ထုတ်စက်နှင့် ဓာတ်ငွေ့သုံး အင်ဂျင်များကိုအသုံးပြုပြီး ညစဉ် ညနေ ၆နာရီကစပြီး ၁၁နာရီအထိ ငါးနာရီ လျှပ်စစ်ဓာတ်အား ပေးနေပြီ ဖြစ်ပါတယ်။ ထို့အတူ တောင်ကုတ်မြို့နယ်တွင် တည်ဆောက်ခဲ့သည့် ၅၀၀ ကေဗွီအေရှိ မြန်မာနိုင်ငံတွင် အကြီးဆုံး စပါးခွံဓာတ်ငွေ့နှင့် ဒီဇယ်သုံးလျှပ်စစ်ဓာတ်အားပေးစက်နှစ်လုံးကို ၂၀၀၇ ခုနှစ် ဒီဇင်ဘာလ ၂၂ ရက်က ဖွင့်လှစ်ပေးနိုင်ခဲ့ပါတယ်။ တောင်ကုတ်မြို့ မြို့ပေါ်ရပ်ကွက်များမှာ ညနေ ၆နာရီက ည၁၀ နာရီထိ တစ်ကြိမ်၊ နံနက်ပိုင်း ၄ နာရီခွဲက ညနေ ၆နာရီထိ တစ်ကြိမ် တစ်နေ့နှစ်ကြိမ် လျှပ်စစ်မီးပေးနေပါတယ်။ မင်းပြား မြို့ပေါ်ရပ်ကွက်များမှာ ၁၂၅ ကေဗွီအေ စပါးခွံဓာတ်ငွေ့နှင့် ဒီဇယ်သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံနှင့် ၁၂၅ကေဗွီအေ စပါးခွံဓာတ်ငွေ့ ၁၀၀ ရာခိုင်နှုန်း လျှပ်စစ်ဓာတ်အားပေးစက်ရုံတို့ကို ၂၀၀၇ခုနှစ် ဒီဇင်ဘာလ ၂၁ရက်က ဖွင့်လှစ်ပေးနိုင်ခဲ့ခြင်းဟာ ကျွန်တော်တို့ အသင်းရဲ့ အောင်မြင်မှု ဖြစ်ပါတယ်"ဟူ၍ ပြောကြားသည်။

မြန်မာတီထွင်သူများ သမဝါယမအသင်းသည် လောင်စာဆီအစားထိုး စိုက်ပျိုးရေးစွန့်ပစ်ပစ္စည်းများကို အသုံးပြု၍ Producer Gas ထုတ်စက်များကို ၁၉၉၁ ခုနှစ်မှစ၍ စမ်းသပ်တီထွင် ထုတ်လုပ်ခဲ့သည်။ ၁၉၉၅ ခုနှစ်မှစ၍ စီးပွားဖြစ်ထုတ်လုပ်လျက်ရှိရာ ယခုအခါ ဆယ်စုနှစ်ကျော်ခဲ့ပြီဖြစ်သည်။ အချိန်ကာလကြာမြင့်စွာ တီထွင်ထုတ်လုပ်မှုကြောင့် စက်စွမ်းအား တည်ငြိမ်မှုရှိပြီး ဓာတ်ငွေ့သုံးအင်ဂျင်စက် သက်တမ်းကြာမြင့်စွာ အသုံးပြုနိုင်သကဲ့သို့ ဓာတ်ငွေ့ထုတ်စက်မှာလည်း ရေရှည်အသုံးပြုနိုင်ပြီဖြစ်သည်။ ရောင်းပြီးစက်များအပေါ် ဝန်ဆောင်မှုပေးခြင်း (After Sales Service)ဖြင့် ဝယ်သူအတွက် ယုံကြည်စိတ်ချစွာ ဝယ်ယူနိုင်ရန် အာမခံချက်ပေးထားရာ ဝယ်ယူလိုသူများ ဖုန်း–၆၄၈၀၃၁ နှင့် ၀၉၉၈၂၁၃၀၁ သို့ ဆက်သွယ်နိုင်ကြောင်း သတင်းကောင်းပါးလိုက်ရပါသည်။ ။

စပါးခွံဓာတ်ငွေ့ထုတ်စက်ဖြင့် ရေတင်

မြန်မာတီထွင်သူများသမဝါယမအသင်းလီမိတက်က တီထွင်ထုတ်လုပ်သည့် စပါးခွံဓာတ်ငွေ့ထုတ်စက်ဖြင့် မြစ်ရေတင်လုပ်ငန်း ဆောင်ရွက်မှုကို တွေ့ရစဉ်။

(၆၁)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန တောင်ဥက္ကလာပမြို့နယ်ရုံးက ကြီးမှူး၍ နံရံကပ်စာစောင်၊ စာဖတ်ဝိုင်းနှင့် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင် အခြေခံရမည့်မူများနှင့် အသေးစိတ်အခြေခံရမည့်မူများအား ရှင်းလင်းဆွေးနွေးပွဲကို ဇန်နဝါရီ ၂၈ရက်က (၄)ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး သုတနန္ဒဝန်စာကြည့်တိုက်၌ကျင်းပရာ ရပ်ကွက်ဥက္ကဋ္ဌ ဦးသိန်းသန်းဦး အဖွင့်အမှာစကားပြောကြားစဉ်။ (မြို့နယ်ပြန်/ဆက်)

မြောက်ဥက္ကလာပမြို့နယ် ရွှေပေါက်ကံမြို့သစ် အမှတ်(၆) အခြေခံပညာ အထက်တန်းကျောင်းတွင် နိုင်ငံသားအရည်အချင်းပြည့်မီသူ ကျောင်းသား၊ ကျောင်းသူများအား ဇန်နဝါရီ ၂၂ ရက်က မြောက်ဥက္ကလာပမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှ နိုင်ငံသားစိစစ်ရေးကတ်ပြားများကို ကျောင်းအုပ်ဆရာကြီးထံ ပေးအပ်စဉ်။

(က–ပ)

အင်းစိန်မြို့နယ် အနောက်ကြို့ကုန်း ကြို့ကုန်းရိပ်သာနေ ဦးသန်းဦး–ဒေါ်အမာတင် မိသားစုက ဗဟန်းမြို့နယ် ဇီဝိတဒါန သံဃာ့ဆေးရုံကြီးသို့ ထာဝရ ဆွမ်း၊ ဆေး၊ ငွေပဒေသာပင် အလှူငွေကျပ် သုံးသိန်း လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမောင်တင် လက်ခံယူစဉ်။

(က–ပ)

ပြည်သူ့ဆန္ဒ သဘောထား

☆ တည်ငြိမ်မှုကို လိုလားသည်

☆ အေးချမ်းမှုကို လိုလားသည်

☆ ဆူပူအကြမ်းဖက်မှုကို မလိုလား

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ

မြန်မာသတင်းအချက်အလက် နည်းပညာကော်ပိုရေးရှင်းလီမိတက်၏ နှစ်ပတ်လည် အထွေထွေအစည်းအဝေးသို့ တက်ရောက်အားပေး

ရန်ကုန် ဖေဖော်ဝါရီ ၁၇

မြန်မာသတင်းအချက်အလက် နည်းပညာကော်ပိုရေးရှင်းလီမိတက်၏ ၂၀၀၆–၂၀၀၇ခု ဘဏ္ဍာရေးနှစ် ဆဋ္ဌမအကြိမ် နှစ်ပတ်လည် အထွေထွေအစည်းအဝေးကို ယနေ့နံနက် ၉ နာရီခွဲတွင် ရန်ကုန်မြို့ လှိုင်မြို့နယ် တက္ကသိုလ်များနယ်မြေရှိ မြန်မာအင်ဖိုတက် (Myanmar Info-Tech) အစည်းအဝေးခန်းမ၌ကျင်းပရာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ တက်ရောက်အားပေးချီးမြှင့်သည်။

အဆိုပါ နှစ်ပတ်လည်အစည်းအဝေးသို့ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဋ္ဌေးဝင်း၊ အီလက်ထရွန်နစ် အမျိုးသားအဆင့် လုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ၊ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီး ဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်၊ ဒုတိယဥက္ကဋ္ဌ ဝန်ထမ်းရွေးချယ် လေ့ကျင့်ရေးအဖွဲ့–အဖွဲ့ဝင် ဦးအောင်မြင့်၊ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်သိန်းထွန်းနှင့် တာဝန် ရှိသူများ၊ ဒါရိုက်တာအဖွဲ့ ဥက္ကဋ္ဌနှင့် ဒါရိုက်တာအဖွဲ့ဝင်များနှင့် အစုရှယ်ယာရှင်များ တက်ရောက်ကြသည်။

အမှာစကားပြောကြား

ရှေးဦးစွာ အီလက်ထရွန်နစ် အမျိုးသားအဆင့်လုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ၊ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သိန်းဇော်က အိုင်တီကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်၏ ဆောင်ရွက်ချက်များနှင့်စပ်လျဉ်း၍ အမှာစကားပြောကြားသည်။

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ မြန်မာသတင်းအချက်အလက် နည်းပညာကော်ပိုရေးရှင်း လီမိတက်၏ ၂၀၀၆–၂၀၀၇ခု ဘဏ္ဍာရေးနှစ် ဆဋ္ဌမအကြိမ် နှစ်ပတ်လည် အထွေထွေအစည်းအဝေးသို့ တက်ရောက်အားပေး ချီးမြှင့်စဉ်နှင့် အီလက်ထရွန်နစ် အမျိုးသားအဆင့်လုပ်ငန်းအဖွဲ့ ဥက္ကဋ္ဌ၊ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ယင်းနောက် ဒါရိုက်တာအဖွဲ့ဥက္ကဋ္ဌ ဦးသိန်းဦးက မြန်မာသတင်းအချက်အလက် နည်းပညာကော်ပိုရေးရှင်းလီမိတက်၏ လုပ်ငန်းဆောင်ရွက်နေမှုတို့နှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး အစည်းအဝေး ပထမပိုင်းအစီအစဉ်များကို ခေတ္တရပ်နားသည်။

ဒုတိယပိုင်းအစီအစဉ်

ထို့နောက် အစည်းအဝေး ဒုတိယပိုင်း အစီအစဉ်များကို ဆက်လက်ကျင်းပရာ တာဝန်ရှိသူများက ဒါရိုက်တာအဖွဲ့အစီရင်ခံစာ၊ ဘဏ္ဍာရေး အစီရင်ခံစာနှင့် စာရင်းစစ်အဖွဲ့၏ အစီရင်ခံစာ တို့ကို ဖတ်ကြားတင်ပြခြင်း၊ အတည်ပြုခြင်း၊ စာရင်းစစ်အဖွဲ့အား ဆက်လက်ခန့်ထားခြင်း၊ ဒါရိုက်တာအဖွဲ့သစ် ရွေးချယ်ဖွဲ့စည်းခြင်းနှင့် အတည်ပြုခြင်း၊ အစုရှယ်ယာရှင်များ၏မေးမြန်းချက်များကို ပြန်လည်ဖြေကြားခြင်းတို့ကို အစီအစဉ်အတိုင်းဆောင်ရွက်ပြီး သဘာပတိဒါရိုက်တာအဖွဲ့ဥက္ကဋ္ဌ ဦးသိန်းဦးက နိဂုံးချုပ် အမှာစကား ပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

နောက်နှစ်ရက်အတွက် မိုးလေဝသခန့်မှန်းချက်

မြန်မာနိုင်ငံ အထက်ပိုင်းဒေသများတွင် ညအပူချိန်များ လျော့နည်းနိုင်သည်။

နိုင်ငံတကာမှ ခင်းသတင်း

အမေရိကန် အမျိုးသမီးခါးပြ ဗန်ကောက်မြို့၌ ဖမ်းမိ

ဗန်ကောက် ဖေဖော်ဝါရီ ၁၅

အမေရိကန်နိုင်ငံတွင် ဘဏ်ဓားပြတိုက်မှု တစ်သီကြီး ကျူးလွန်ခဲ့သည်ဟုဆိုသော "ပိုနီတေးလ်ဓားပြ"အမည်တွင် သည့် အမေရိကန်အမျိုးသမီးတစ်ဦးကို ထိုင်းရဲတပ်ဖွဲ့က ဖမ်းဆီးရမိထားပြီဖြစ်ကြောင်း၊ အမေရိကန်သို့ ယနေ့ လွှဲပြောင်းပေးမည်ဖြစ်ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

၎င်းအမျိုးသမီးဓားပြမှာ အသက်(၂၁)နှစ်ခန့်သာရှိ ကြောင်း ခန့်မှန်းရပြီး မော်ဂန်မစ်ချယ်လီဟုတ်ဟု ခေါ်သည်။ အက်ဖ်ဘီအိုင်က သတင်းပေးသဖြင့် ထိုင်းလူဝင်မှု ကြီးကြပ်ရေးရဲတပ်ဖွဲ့က ဗန်ကောက်မြို့တစ်နေရာ၌ ဖမ်းမိခဲ့ ခြင်းဖြစ်ကြောင်း ရဲအရာရှိတစ်ဦးက ပြောသည်။ ၂၀၀၇ ခုနှစ် မေလမှစ၍ တက္ကဆက်၊ ကယ်လီဖိုးနီးယားနှင့် ဝါရှင်တန်တို့တွင် အနည်းဆုံးဘဏ်ဓားပြမှု သုံးမှု ကျူးလွန်ခဲ့ကြောင်း ၎င်းအားစွပ်စွဲထားသည်။

၎င်းသည် ရွှေရောင်မြင်းမြီးဆံပင်နှင့် ဘော့စ်ဘော ဦးထုပ်ကိုဆောင်းပြီး ဘဏ်အတွင်းသို့ ဝင်ရောက်လာစဉ် လုံခြုံရေးကင်မရာများက ရိုက်ထားခဲ့ကြောင်း အက်ဖ်ဘီအိုင် က ပြောကြားသည်။

ဟုတ်၏ခင်ပွန်း (၂၆)နှစ်အရွယ်ရှိ စတပ်မိုက်ကယ် ရှွန်းနီသည် ထိုင်းနိုင်ငံအတွင်း၌ပင် ရှောင်တိမ်းနေသည် ဟု ယုံကြည်ရသည်။ ရဲအရာရှိကမူ ၎င်း၏သတင်းကို မရရှိကြောင်းပြောကြားသည်။

ဇန်နဝါရီ ၁၄ရက်က ကျူးလွန်ခဲ့သည့် အမှုအပါအဝင် တက္ကဆက်၌ ဘဏ်ဓားပြမှု အနည်းဆုံးလေးမှုဖြင့် ရှွန်းနီကို ရဲတပ်ဖွဲ့က အလိုရှိနေကြောင်း အေဘီစီသတင်းဌာနက ထုတ်လွှင့်သည်။ ***အမ်အင်အေ၊ရိုက်တာ။***

ထူးခြားသည့် ညအပူချိန်များ

၁၇–၂–၂၀၀၈

ဟားခါး
(–၂) ဒီဂရီစင်တီဂရိတ်

လွိုင်လင်
(–၁) ဒီဂရီစင်တီဂရိတ်

ဟဲဟိုးနှင့် နမ့်စန်
(၁) ဒီဂရီစင်တီဂရိတ်စီ

အမ်း
(၂) ဒီဂရီစင်တီဂရိတ်

ပင်လောင်းနှင့် ပြင်ဦးလွင်
(၄) ဒီဂရီစင်တီဂရိတ်စီ

ယနေ့ သတင်း၊ ဆောင်းပါးအညွှန်း

မလေးရှား၊ ဖိလစ်ပိုင်၊ အစ္စရေး၊ အမေရိကန်၊ ပါကစ္စတန်နှင့် အာဖဂန်နစ္စတန် သတင်းများ စာမျက်နှာ– ၄၊၅

အေးချမ်း၏ "တာဝန်ကိုယ်စီကျေပွန်ပါမှ" (ဆောင်းပါး) စာမျက်နှာ– ၆

အထက်မင်းလှညွန့်အောင်၏ "ထူးထူးခြားခြား တိုးတက်အောင်မြင်နေသော မြန်မာတီထွင်သူများ သမဝါယမအသင်း" (သတင်းဆောင်းပါး) စာမျက်နှာ– ၁၂